

# ရေးလာတဲ့ပေးစာ

## သို့/ ဂွၼ်းခေါ်အယ်ဒီတာ–ခင်ဗျား

၂၀၀၈ မေလဆန္ဒခံယူပွဲကို(နအဖ)သက်ဆိုင်ရာအဖွဲ့အစည်းတို့က ကျေးရွာအုပ်စုအလိုက်ကွင်းဆင်းဆောင်ရွက်ရမှာဖြစ်ပေမဲ့ လုံခြုံရေးအကြောင်းပြပြီး ကွန်ဟိန်းမြို့နယ် ပြည်ထောင်စုလမ်းမ တောင်ဘက်ခြမ်းကျေးရွာအုပ်စု ၉ ခုအနက် ကျိန်းလုမ်းအုပ်စုနဲ့ ဝမ့်ဖိုင်ကျေးရွာအုပ်စုကို ကာလိကျေးရွာသို့လည်းကောင်း၊ ဝမ့်လောင်း၊ ဆိုင်းခေါင်နဲ့ ကျိန်းခမ်း ၅ အုပ်စု ( ကျိန်းခမ်း၊ နားပွဲ၊ ငါးတိုင်၊ ကွန်ပု၊ လွယ်ကျိုင်း) တို့ကိုကွန်ဟိန်းမြို့ပေါ်သို့လည်းကောင်း၊ ဆန္ဒမဲသွားပေးခိုင်းပါတယ်။ ကျနော်တို့ဝမ့်လောင်းပြည်သူများအနေနဲ့ (ကန့်ကွက်မဲပေးဖို့) အားခဲထားလေသမျှ သဲရေကျခဲ့ရတယ်။

သွားရေးလာရေးအခက်အခဲကြောင့် ကျနော်တို့ဝမ့်လောင်းအုပ်စုမှာ မဲပေးခွင့်ရှိသူ တစ်ထောင်ကျော်လောက်ရှိတာကို ၅ ယောက်လောက်သာမဲသွားပေးနိုင်ခဲ့ပါတယ်။ ဆန္ဒမဲပေးပွဲကို ၉/ ၅/ ၂၀၀၈ မှာ လုပ်ပါတယ်။

ဆန္ဒမဲပေးရပုံကတော့ – စာရေးတတ် ဖတ်တတ်တဲ့လူဆိုရင် ကိုယ့်အတွက်ရော၊ မလာနိုင်တဲ့လူတွေအတွက်ပါ မဲစာရင်းပေါ်မှာ လက်မှတ်ရေးထိုးပေးရတယ်။ စာမဖတ်တတ်တဲ့လူတွေကိုတော့ လက် ၁၀ ချောင်းလက်ဗွေကို လိုအပ်သလို ကိုယ့်အတွက်ရော မဲရုံမလာနိုင်သူတွေအတွက်ပါ နှိပ်ခိုင်းတယ်။

အယ်ဒီတာကြီးခင်ဗျား – ပြည်သူ့ဆန္ဒခံယူပွဲ ဥပဒေအရဆိုရင် **"သူတစ်ပါးဟန်ဆောင်၍မဲလာပေးခြင်းနှင့်၊ သူတစ်ပါး၏ကိုယ်စား မဲလာပေးခြင်းမရပါ"** ဆိုပြီး ကျနော်ဖတ်ရှုလေ့လာရပါတယ်။ ဒါပေမဲ့ နအဖကြီးများအဖို့မိမိကောင်းစားရေး၊ အာဏာလက်မလွှတ်ရေးအတွက်ဆိုရင်တော့မိမိလက်နဲ့ရေးတဲ့ဥပဒေကိုခြေနဲ့ပြန်ဖျက်ဖို့ဝန်လေးတဲ့လူတွေမဟုတ်ပါဘူး။

အဲလိုလက်မှတ်ထိုးပြီး၊ လက်ဗွေနှိပ်ခိုင်းပြီးတာနဲ့ပြန်ခိုင်း တယ်။ ဆန္ဒမဲပေးကြောင်းဟန်ပြမှတ်တမ်းဓါတ်ပုံရိုက်ဖို့ ရွာသူကြီးလေး ငါးယောက်ဘဲနေခိုင်းတယ်။ ဟန်ပြမဲပေးရာမှာလဲ ဆန္ဒမဲလက်မှတ်ပေါ်မှာဘာအမှတ်အသားမှမပါတဲ့ ဗလာလက်မှတ်ကိုမဲပုံးထဲထည့်ခိုင်းတယ်။

မေလ ၁၀ ရက်ကထွက်လာတဲ့ ဝမ့်လောင်းအုပ်စုဆန္ဒမဲရလာဒ်ကတော့ မဲဆန္ဒရှင်တစ်ထောင်ကျော်မဲလာပေးတဲ့အကြောင်း၊ ထောက်ခံမဲ ၉၀ ရာခိုင်နှုန်းကျော်ရရှိကြောင်း ရွာသားတွေကိုပြောင်လိမ်ပြန်တယ်။ အခြားကျေးရွာအုပ်စုတွေလည်း ဝမ့်လောင်းအုပ်စုလိုဘဲ ကြေငြာတယ်။ ဒီတော့အခုလိုထောက်ခံမဲရရေးအတွက် နအဖစစ်အုပ်စုတို့ရဲ့ လုပ်ကြံဖန်တီးမှုကို လယ်ပြင်မှာဆင်သွားသလိုလို့ပြောရမှာထက် ဝေဟင်မှာတိမ်မဲယာဉ်ကြီးဟီးလေးခို မျှောပါသကဲ့သို့သိသာထင်ရှားလှတဲ့ အကြောင်း ဂွၼ်းခေါ်စာဖတ်ပရိတ်သတ်များသိအောင် ဖေါ် ပြလိုက်ရပါတယ်ခင်ဗျား။

**ဆေလိုင်း**
**ကန်းဆေရပ်ဝန်း (ဝမ့်လောင်း)**

## သို့/ သျှမ်းသံတော်ဆင့်အယ်ဒီတာခင်ဗျား

ကျနော် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မန်စီအုပ်စုဒေသခံဖြစ်ပါတယ်။စက်တင်ဘာ ၅ ရက်က မယကရုံးစာရေး ဦးကျော်စောဟာ ကျနော်တို့မန်စီအုပ်စုအပါအဝင် ဗန်းမော်မြို့နယ်ကျေးရွာအုပ်စု ဖ ခုက အုပ်စုဥက္ကဋ္ဌတွေကိုခေါ်ပြီး *"မနှစ်ကစိုက်ခိုင်းတာရွာသားတွေ အမိန့်အတိုင်းမလုပ်တဲ့အတွက် ဒဏ်ပေးရမယ်။ ကြက်ဆူစေ့တစ်တင်းကျပ်ငွေ ၂၀,၀၀၀ နဲ့ တစ်အုပ်စု ၄ တင်းစာ – ရုံးအရောက်ပိုက်ဆံလာပေးသွင်းပါ"* ဆိုပြီး အမိန့်ချလာပါတယ်။

မနှစ်က စိုက်ခိုင်းတယ်ဆိုတာ ဒီတိုင်းဘဲပြောသွားတယ်။ မြေမသတ်မှတ်ပေး၊ ကြက်ဆူမျိုးစေ့မချပေး၊ ဘာမှလုံးဝမပေးဘဲစိုက်ပါ ဆိုတာ တခွန်းဘဲကျလာပါတယ်။

ဒီနှစ်ကျတော့ *"နိုင်ငံတော်အစိုးရက မြေသြဇာထုတ်ပေးမယ်။ မြစ်ကြီးနားကနေ တင်လာပေးမယ်။ ဖ အုပ်စုအတွက် မြေသြဇာ ၁,၉၀၀ အိတ်ပေးမယ်။ တင်ဆောင်ခ တစ်အိတ်ကျပ် ၅၀၀ စက်တင် ဘာ ဖ ရက်အပြီးပေးသွင်းပါ"* ဆိုပြီး ပိုက်ဆံကျပ် ၉၅၀,၀၀၀ ထပ်ကောက်သွားပြန်တယ်။ မြေသြဇာကတော့ အခုချိန်အထိမရောက်လာသေးဘူး။ ဘာအမျိုးအစားလဲ၊ ဘာအတွက်လဲဆိုတာလဲ မသိရဘူး။

အုပ်စုဥက္ကဋ္ဌတွေရော ရွာသားတွေပါ တောင်းပန်ပြောကြတာလဲမရဘူး။ ဒီတိုင်းတာ တမျိုးပြီးတမျိုး ဆက်ကောက်သွားရင်တော့ ဒုက္ခပါဘဲ။

ကျနော်တို့ မန်စီအုပ်စုကြီးမှာ အုပ်စုငယ်လေးတွေ ဖ အုပ်စုရှိတယ်။ နမ့်ခမ်းကနေ ၅ မိုင် လောက် ဘဲဝေးတယ်။ ဗန်းမော်နဲ့ဆို ၁၀ မိုင်လောက်ဝေးတယ်။

ပြည်သူကိုဒုက္ခပေးတဲ့စစ်အစိုးရ မြန်မြန်ကျရှုံးပါစေ
**မန်စီဒေသခံတစ်ဦး**

## နိုင်ငံရေး

# ကုလရဲ့ မူလလမ်းစဉ် ပြန်သွားဖို့ SNLD တိုက်တွန်း

ဩဂုတ်စ် ၁၈ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံသို့ရောက်ရှိလည်ပတ်သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဗန်းခီးမွန်း၏ မြန်မာနိုင်ငံဆိုင်ရာစေ့စပ်ညှိနှိုင်းရေးမှူး အထူးကိုယ်စားလှယ်မစ္စတာ အီဗရာဟင်မ်ဂမ်ဘာရီခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ယခင်လမ်းစဉ်ဖြစ်သော သုံးပွင့်ဆိုင်ဆွေးနွေးရေး လမ်းစဉ်ကိုပြန်သွားဖို့လိုကြောင်း SNLD ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဂမ်ဘာရီ၏ ၆ ရက်အကြာ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောခွင့်ရ ပုဂ္ဂိုလ် ဦးစိုင်းလိတ်က– *"မစ္စတာဂမ်ဘာရီဟာ နအဖစစ်အစိုးရကိုဘဲ ပထမဦးစားပေးတွေ့သွားတယ်။ NLD ကိုတွေ့ဆုံပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုတွေ့မသွားဘူး။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီတွေကိုမတွေ့သွားဘူး။ ဘာပြောပြောမြန်မာပြည်ပြဿနာကိုဖြေရှင်းမယ်ဆိုရင်တိုင်းရင်းသားမပါလို့ ဖြေရှင်းနိုင်မှာမဟုတ်ဘူး။သုံးဘက်သုံးတန်မှာ တိုင်းရင်းသားအုပ်စုလဲအင်မတန်အရေးကြီးတဲ့ ကဏ္ဍမှာပါနေလို့ဘဲ။ဒီတော့ယခုတစ်ခေါက် ဂမ်ဘာရီခရီးစဉ် မအောင်မြင်ဘူး။ တိုင်းရင်းသားတွေအတွက်အကျိုးမရှိဘူးလို့ SNLD ကသုံးသပ်တယ်"*



Image: google search

*"မြန်မာနိုင်ငံ အရေးဆွေးနွေး ပြဿနာဖြေရှင်းပေးမဲ့သူ ကုလကိုယ်စားလှယ်ဘယ်သူဘဲလာလာ တိုင်းရင်းသားတွေရဲ့အခက်အခဲ၊ နအဖစစ်အစိုးရကိုတိုက်တွန်းပေးဖို့ အချက်အလက်တွေ တင်ပြဖို့အမြဲတမ်းအသင့်ပြင်ထားတယ်။ ကျနော်တို့ကမ်းလှမ်းပေမဲ့ သူတို့ကမတွေ့ဘူးဆိုတော့လဲမတတ်နိုင်ဘူး။ လာမယ့်ဗန်းခီးမွန်း ခရီးစဉ်မှာလည်းတွေ့ဆုံဆွေးနွေးဖို့ ကျနော်တို့မျှော်လင့်တယ်။*

*ကုလသမဂ္ဂရဲ့ မူလလမ်းစဉ်ဟာနအဖစစ်အစိုးရ၊ NLD နဲ့ တိုင်းရင်းသားသုံးပွင့်ဆိုင်ဆွေးနွေးရေးကိစ္စဖြစ်တယ်။ ဒါပေမဲ့ ဒီတစ်ခေါက်မစ္စတာဂမ်ဘာရီခရီးစဉ်မှာတော့ အဲဒီလမ်းစဉ်ကိုတစ်ခွန်းမှမဟဘဲ စစ်အစိုးရရဲ့ လမ်းပြမြေပုံအတိုင်းလုပ်သွားဖို့တိုက်တွန်းတယ်။ ဒီကိစ္စဘယ်လိုကြောင့်ပြောင်းလဲသွားရလဲဆိုတာ မစ္စတာဗန်းခီးမွန်းကို တင်ပြလိုပါတယ်။ မူလလမ်းစဉ်အတိုင်း သုံးပွင့်ဆိုင်ဆွေးနွေးရေးအတွက်ပြန်တောင်းဆိုပေးပါလို့ ကုလသမဂ္ဂကိုတိုက်တွန်းလိုတယ်"* ဟု ပြောသည်။

တိုင်းရင်းသားတို့အတွက် အခွင့်အလမ်းဆိတ်သုဉ်း အထူးနစ်နာဆုံးရှုံးရသည်မှာ (ကြိုတင်အကြောင်းကြား တောင်းဆိုထားသည့်ကြားက) တိုင်းရင်းသား ၁၂ ပါတီစုပေါင်းထားသည့် UNA နှင့် ဂမ်ဘာရီတွေ့ခွင့်မရခြင်း၊ စစ်အုပ်စုခေါင်းခေါက်ဆင့်ခေါ်ထားသည့် နအဖလက်ကိုင်တုတ်တိုင်းရင်းသားအတုအစုအဖွဲ့အချို့နှင့်သာတွေ့ခွင့်ရခြင်းဖြစ်သည်ဟု တိုင်းရင်းသားခေါင်းဆောင်များကပြော၏။

၎င်းနှင့်ပတ်သက်၍ ဦးစိုင်းလိတ်က *"UNA နဲ့ဂမ်ဘာရီမတွေ့ဆုံရခြင်းအကြောင်းရင်းက– ဂမ်ဘာရီဟာနအဖဖိတ်လို့လာတယ်။ နအဖနဲ့ဘဲတွေ့ဆုံပြီးနအဖပြောစကားကိုဘဲ သူကနားထောင်ခဲ့ရတယ်။ နအဖဆန္ဒအတိုင်းဘဲ သူလုပ်ခဲ့ရတယ်။ နောက်တစ်ခုက UNA အဖွဲ့ဝင် ၁၂ ဖွဲ့အနက် နအဖအသိအမှတ်ပြုတဲ့ပါတီဆိုလို့ SNLD ဘဲရှိတယ်။ UNA အဖွဲ့ကို နအဖက အသိအမှတ်မပြု၊ ဂရုမစိုက်တော့ မစ္စတာဂမ်ဘာရီဟာ ဘယ်လောက်ဘဲတွေ့ချင်တဲ့ဆန္ဒ သူ့မှာရှိနေပါစေ နအဖအလိုကျ လှုပ်ရှားနေရတာမို့ သူတွေ့မသွားခြင်းဖြစ်တယ်လို့ ကျနော်တို့ ယူဆတယ်"* ဟုဆက်ပြော၏။

မြန်မာပြည်၏ နိုင်ငံရေးပြဿနာကို အနှစ်သာရရှိရှိမှန်ကန်စွာဖြေရှင်းနိုင်ရန် သုံးပွင့်ဆိုင်ဆွေးနွေးရေးလမ်းကြောင်းဖြင့်သွားရမည်ဟု ၁၉၉၄ ကတည်းက ကုလသမဂ္ဂမှဆုံးဖြတ်ချက်ချလမ်းညွှန်ပြခဲ့၏။ သို့သော် မစ္စတာဂမ်ဘာရီ၏ ယခုခရီးစဉ်အရ နအဖလမ်းပြမြေပုံအတိုင်းသာလုပ်သွားရန်နှင့် ၂၀၁၀ ရွေးကောက်ပွဲအတွက်သာ ပြောဆိုဆွေးနွေးသွားသဖြင့် SNLD ကသုံးပွင့်ဆိုင်ဆွေးနွေးရေးလမ်းစဉ် ပြန်သွားရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ်ဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံသား မစ္စတာအီဗရာဟင် ဂမ်ဘာရီသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်လက်ထက် ၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံအရေး ကြားဝင်ညှိနှိုင်းပေးရန် ၂ ကြိမ်ရောက်လာခဲ့ဖူးသည်။ မစ္စတာဗန်းခီးမွန်းလက်ထက် မြန်မာနိုင်ငံသို့ ၄ ကြိမ်ထပ်မံ ရောက်လာပြီးဆွေးနွေးညှိနှိုင်းပေးသော်လည်း ယခုနောက်ဆုံးခရီးစဉ်တွင်မူ နအဖစစ်အစိုးရစီစဉ်ထားပေးသော အဖွဲ့အစည်းများ၊ တိုင်းရင်းသားအတုအစုအဖွဲ့နှင့်သာတွေ့ဆုံသဖြင့် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရတိုင်းရင်းသားခေါင်းဆောင်များ၏ ဝေဖန်မှုများခံခဲ့ရသည်။ ❑

# 2010 မတိုင်မီ လက်နက်ကိုင်တပ်ဖွဲ့အားလုံး လက်နက်ဖြုတ်ရန် နအဖ တိုင်းမှူးများပြင်ဆင်

သျှမ်းပြည်အရှေ့ပိုင်း ထိုင်းနယ်စပ်အနီး(ယခင် MTA ဌာနချုပ်)ဟိုမိန်းသို့ရောက်ရှိခဲ့သော ရပခတိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ၂၀၀၉ အတွင်း အပစ်ရပ်ငြိမ်းချမ်းရေးအဖွဲ့များရော၊ ဒေသတွင်းဌာနေပြည်သူ့စစ်များပါ လက်နက်ချရန်လိုကြောင်း၊ ဟိုမိန်းမြို့နယ်ခွဲဌာနဆိုင်ရာ ဝန်ထမ်းများအား (ယခင်ခွန်ဆာ့အိမ်တည်ရှိရာ)ဆွန်မောက် (ပန်းခြံ) အစည်းအဝေးခန်းမသို့ဆင့်ခေါ်ခဲ့စဉ် ပြောဆိုခဲ့သည်။

SSSကုမ္ပဏီဥက္ကဌနှင့် ဟိုမိန်းနယ်ခြားကာကွယ်ရေးတပ်ဖွဲ့ (ဟိုမိန်းဒေသဖွံ့ဖြိုးရေးတပ်ဖွဲ့) ခေါင်းဆောင်မဟာကြာလည်း ဗိုလ်ချုပ်ရာပြည့်နှင့်အတူလိုက်ပါလာ၏။ လက်နက်ကိုင်တပ်ဖွဲ့များ လက်နက်ချရမည်ဆိုသည့်ကိစ္စအပေါ် မဟာကြာကိုယ်တိုင် မည်သို့မျှမတတ်နိုင်ကြောင်းဟိုမိန်းဒေသခံများက ပြောကြသည်။

*“မဟာကြာက နမ့်ဇန်မှာဘဲအနေများတယ်။တောင်ကြီးမှာလဲအိမ်ရှိတယ်။ ဟိုမိန်းက သူ့တပ်ဖွဲ့ကို သူ့သားခွန်နုကိုင်လာတာ ၃–၄ နှစ်ရှိပြီ။ ထိုင်းနယ်စပ်က WNA ဌာနချုပ် လွယ်ဝဟော့ဝတပ်စခန်းနဲ့ မျက်နှာချင်းဆိုင်တပ်စိုက်ထားတဲ့ သူ့ကာကွယ်ရေးတပ်–တောင်ကုန်းအမှတ်၁၉ နဲ့ ၂၀ ကို တိုင်းမှူးသွားစစ်ဆေးမယ်ဆိုလို့ သူလိုက်လာတာဖြစ်မယ်။အဲဒီတောင်ကုန်းမှာမကြာခင် နအဖစစ်တပ်နဲ့ အစားထိုးမယ်လို့ ၁၉ ရက်သွားစစ်ဆေးတုံး တိုင်းမှူးပြောသွားတယ်”* ဟု ဟိုမိန်းကားဒရိုင်ဘာတစ်ဦးကပြောပြ၏။

ထိုသို့ လူသူလက်နက်အင်အား ၂၀၀ ကျော်ရှိ မဟာကြာ၏ ကာကွယ်ရေးတပ်ဖွဲ့ ပြည်သူ့စစ်တပ်စခန်းများအား နအဖစစ်တပ်ဖြင့် အစားထိုးရန်ပြောရခြင်းမှာ စစ်အစိုးရကိုဆန့်ကျင်တိုက်ခိုက်ဆဲ ဝ အမျိုးသားတပ်မတော် WNA ဌာနချုပ် လွယ်ဝဟော့တပ်စခန်းနှင့်ရော၊ SSA-S တပ်ဖွဲ့များနှင့်ပါလျှို့ဝှက်ဆက်သွယ်ဘွယ်ရှိသည်ကို သံသယဖြစ်ပုံရသည်ဟု ဟိုမိန်းသတင်းရပ်ကွက်ကဆို၏။ လွယ်ဝဟော့ခေါ် နယ်ခြားလွယ်တောင်မြောက်နှင့်မျက်နှာချင်းဆိုင်ဟိုမိန်းပြည်သူ့စစ်တပ်စိုက်ထားသောတောင်ကုန်းအမှတ်၁၉–၂၀သည် ၁၉၈၅– ၈၆ ကယခင် SUA လွယ်မော်တပ်နှင့်တရုပ်ဖြူ KMT တပ်တို့အပြင်း အထန်တိုက်ပွဲဖြစ်ပွါးခဲ့ဖူးသောနေရာဖြစ်သည်။ ၁၉၉၆ ခွန်ဆာ MTA လက်နက်ချပြီးနောက်ပိုင်း ဟိုမိန်းသို့နဝတ၏ ဌာနဆိုင်ရာဝန်ထမ်း ချထားသော်လည်းမဟာကြာအဖွဲ့သည်ဒေသဖွံ့ဖြိုးရေးတပ်ဖွဲ့အမည်ဖြင့်ဒေသတွင်းဩဇာရှိဆဲဖြစ်သည်။ဟိုမိန်းသည်လည်း လင်းခေးခရိုင်အောက်မြို့နယ်ခွဲတစ်ခုဖြစ်လာခဲ့သည်။

ဩဂုတ်စ် ၂၀ရက်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့်အဖွဲ့ တောင်ကြီးသို့ပြန်လည်ထွက်ခွါသွားခဲ့၏။

*“တိုင်းမှူးပြန်သွားပြီးတစ်ပတ်အကြာမှာနမ့်ဇန်–ကျိုင်းတောင်းသစ်ထုတ်လုပ်ရေးဂွင်က စစ်ရေးအတွေ့အကြုံရှိတဲ့ တန့်ယန်းဘက်က ဝစစ်သည်ဟောင်းတွေကိုခွန်နုခေါ်လာပြီးတပ်အမှတ် ၁၈၊ ၁၉၊ ၂၀ မှာဖြည့်ထားတယ်။ အရင်ကစစ်အင်အား ၂၀–၃၀ လောက်သာရှိတဲ့ တပ်စခန်း ၃ ခု အခု ၇၀–၈၀ လောက်ရှိတယ်။ဝန်တင်လား ၇–၈ ကောင်လောက်ဘဲရှိရာကနေအခု ၁၅–၁၆ ကောင်လောက်ဖြစ်သွားပြီ”* ဟု အထူးနယ်ခြားစောင့်တပ်ဖွဲ့နှင့်ရင်းနှီးကျွမ်းဝင်သည့် ဟိုမိန်းဒေသခံလူလတ်ပိုင်း ကုန်သည်တစ်ဦးကလည်းပြောပြသည်။

တပ်အပြောင်းအလွဲပုံစံဖြင့် နမ့်ဇန်–ကျိုင်းတောင်းသစ်ဂွင်မှ စစ်ရေးအတွေ့အကြုံရှိသူ(တန့်ယန်းစစ်သည်များ) နည်းနည်းချင်းစီခေါ်လာပြီး အင်အားဖြည့်ခဲ့သဖြင့် နအဖစစ်အာဏာပိုင်များ မရိပ်မိတာလားမသိ ချင်ယောင်ဆောင်တာလားမသိဟု ဟိုမိန်းကားဒရိုင်ဘာတစ်ဦးက ပြောပြ၏။

လက်နက်ကိုင်တော်လှန်ရေးသမားဟောင်း ယခင် SSA ကေဒါဟောင်းတစ်ဦးက *“လက်နက်ချဖို့ နအဖစစ်အစိုးရက အတင်းအကျပ်ဖိအားပေးလာခဲ့ရင် တခြားနေရာကိုသူတို့လက်လွှတ်နိုင်ပေမဲ့ ဒီအမှတ် ၁၈–၁၉–၂၀ တောင်ကုန်းကိုတော့ သူတို့ခြေကုပ်ရယူထားဖို့ဖြစ်နိုင်တယ်။ ဒီတောင်ကုန်းတွေလက်မလွှတ်ချင်လို့ အသေအလဲခုခံဖို့ ပြင်ဆင်ထားတာလဲဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့လေကြောင်းနဲ့ ကူမတိုက်ရင်အင်အားရာချီလောက်နဲ့တော့ ဒီတောင်ကုန်းကိုဖြိုနိုင်မှာမဟုတ်ဘူး။ တောင်ကုန်းအမှတ် ၂၀ ကအမြင့်ဆုံးဘဲ”* ဟု သုံးသပ်ပြောဆို၏။

ဩဂုတ်စ် ၂၄ ရက်၌လည်း လားရှိုးအခြေစိုက် ရမခတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ကွတ်ခိုင်မြို့နယ်အပစ်ရပ် KDA ကောင်း



ခါးဌာနချုပ်မထူးနော်အဖွဲ့၊ အင်အား ၇၀၀–၈၀၀ ခန့်ရှိ တန့်ယန်းမြို့နယ် ဝမ့်ပန်ဌာနေပြည်သူ့စစ် ဗိုလ်မွန်းအဖွဲ့၊ တပ်အင်အား ၃၀၀–၄၀၀ ရှိ မိုင်းရယ်မြို့နယ် မိုင်းဟဌာနေပြည်သူ့စစ် လောမားအဖွဲ့တို့မှ ထိပ်တန်းကိုယ်စားလှယ်များအားလားရှိုးသို့ဆင့်ခေါ် ၍ရှင်းလင်းမှာကြားမှု ပြုလုပ်ခဲ့သည်ဟုဆို၏။

ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)SSA-Sက ရှမ်းပြည်မြောက်ပိုင်းသို့နယ်မြေချဲ့ထွင်ရန် ထိုးဖောက်ဝင်ရောက်ခဲ့လျှင် နအဖဗမာစစ်တပ်နှင့်အတူ ပါဝင်ပူးပေါင်းတားဆီးကာကွယ်နိုင်ရေးအတွက် တပ်အင်အားများ ပြင်ဆင်ထားစေလိုကြောင်း သက်ဆိုင်ရာတပ်ဖွဲ့ အသီးသီးမှအချိန်မရွေးရှေ့တန်းထွက်နိုင်ရန် လေ့ကျင့်ထားသင့်ကြောင်းပြောဆိုခဲ့သည်။

သျှမ်းပြည်မြောက်ပိုင်း သိန္နီအခြေစိုက် စကခ ၁၆ ကလည်း ပြည်သူ့စစ်တပ်ဖွဲ့အင်အားတိုးရန်အတွက် ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုဥက္ကဋ္ဌများအား ရပ်ကွက်တိုင်း အိမ်တိုင်းစာရင်းကောက်၍ ဩဂုတ်စ် ၂၉ ရက်အပြီး ရုံးသို့စာရင်းပို့ခိုင်းသည်ဟုဆို၏။

*“တချို့ရပ်ကွက်/အုပ်စုတွေကလည်းလူစာရင်းကောက်ဖို့ အချိန်ထပ်တောင်းထားတယ်။ စာရင်းမပြည့်သေးတဲ့ အတွက်ကောက်ရတဲ့အရေအတွက် အတိအကျမသိရသေးဘူး။ မလုပ်ချင်ဘူးလို့ ငြင်းဆန်ပြန်ပြောချင်ရင်စကခရုံးကိုကိုယ်တိုင် စာရင်းသွားရှင်းခိုင်းတယ်”* ဟုမိမိအိမ်သို့လူစာရင်းလာကောက်ခံရသူဒေသခံတစ်ဦးကပြောသည်။

၂၉/၀၈/၀၈ ကလည်း ကျိုင်းတုံအခြေစိုက် တြိဂံတိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးက ဦးစိုင်းလင်းဦးဆောင်သော အပစ်ရပ်အထူးဒေသ 4 NDAA ဌာနချုပ် မိုင်းလားသို့နေ့ချင်းပြန်သွားရောက်ပြီး ၂၀၀၉ အတွင်း လက်နက်ကိုင်တပ်များအသွင်ကူးပြောင်းရေးကိစ္စထပ်မံအသိပေးပြောဆိုခဲ့၏။ စစ်ရုံးချုပ်ညွှန်ကြားချက်အတိုင်း လာရောက်အကြောင်းကြားခြင်းဖြစ်ကြောင်း၊ အခြေအနေ အချိန်အခါအပေါ် မူတည်၍ မီးစင်ကြည့်ကတတ်ကြရမည်ဖြစ်ကြောင်း တြိဂံတိုင်းမှူးက အချို သပ်နှစ်သိမ့်ခဲ့၏။ *“ဗိုလ်ချုပ်ကျော်ဖြိုးက ပုဂ္ဂိုလ်ရေးငွေကြေးအခက်အခဲကိစ္စညည်းတွားပြလို့ မိုင်းလားလူကြီးတွေသူ့ကိုပေါက်ကက်မန်းနီးယွမ်၄–၅ သောင်းလှူဒါန်းစွန့်ကြဲလိုက်သေးတယ်ဆိုဘဲ”*– ဟု အထူး ၄ အဖွဲ့ နှင့်ဝင်ဆန့်သူ ကျိုင်းတုံလူငယ်တစ်ဦးက ပြောပြသည်။

ဩဂုတ်စ် ၁၆ – ၁၈ /၀၈/၀၈ ကလည်း မိုင်းတုံမြို့နယ် နယ်စပ်ဒေသသို့ တြိဂံတိုင်းမှူးအသစ် ဗိုလ်ချုပ်ကျော်ဖြိုး ခရီးလှည့်လည်စစ်ဆေးခဲ့ပြီး၊ SSA ဗိုလ်မှူးကြီးယွက်စစ်အဖွဲ့သည်ထိုင်းတို့၏ ခြံစည်းရိုးဖြစ်ကြောင်းအစည်းအဝေး၌ ပြောခဲ့ဖူးသည်။

ထိုစဉ် တြိဂံတိုင်းမှူးက *“အစိုးရအရာရှိ၊ ဝန်ထမ်းများအားလုံး မှောင်ခိုကုန်သည်ပွဲစားတွေ၊ မူးယစ်ဆေးရောင်းဝယ်သူတွေနဲ့ မကောင်းတဲ့ လက်ဆောင်ပစ္စည်းတွေလာဘ်ထိုးငွေတွေမယူရဘူး။ သိရှိရင် ရာထူးက ထုတ်ဖြုတ်ပစ်မယ်၊ပြစ်ဒဏ်ခံရမယ်”* ဟုသတိပေးမှာကြားခဲ့သော်လည်း တိုင်းမှူးကိုယ်တိုင်မှာ အပစ်ရပ် UWSA စစ်ဒေသ ၁၇၁ ပိုင်ရော်ဘာခြံအတွင်းနအဖအမြောက်တပ်စခန်း အသစ်တည်ဆောက်မည်ဟုဆိုခဲ့သဖြင့် စီးပွါးရေးအကွက်မြင်သောဝတို့ထံမှ (နားလည်မှု လက်ဆောင်ငွေ) ကျပ် ၃၈ သိန်းရယူခဲ့ ၏။ ဩဂုတ်စ် ၁၈ ရက် မိုင်းကျွတ်မူလတန်းကျောင်း သစ်ဖွင့်ပွဲ၌ ဒေသခံ ဝ ခေါင်းဆောင်များဆက်သခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။ ❑

# နအဖ ဖိအားကြောင့် အပစ်ရပ်အဖွဲ့များ လုံခြုံရေးဖြည့်တင်းတိုးချဲ့

နအဖတိုင်းမှူး၊ စကခမှူး၊ ဗျူဟာမှူးတို့က ပြည်သူ့စစ်အင်အားတိုးချဲ့ရန် ဆင့်ဆိုညွှန်ကြားသကဲ့သို့ သျှမ်းပြည်မြောက်ပိုင်းနှင့် အရှေ့ပိုင်း အပစ်ရပ်လက်နက်ကိုင်တပ်ဖွဲ့များဌာနချုပ်၌လည်း ယခင်ကထက် လုံခြုံရေးအင်အားဖြည့်တင်းတိုးချဲ့ချထားပြီး စစ်ဆေးမေးမြန်းမှုများပိုတင်းကျပ်လာသဖြင့်သျှမ်းပြည်မြောက်ပိုင်း SSA အပစ်ရပ်အဖွဲ့လည်း အရေးပေါ် အစည်းအဝေးတစ်လခန့်ကျင်းပပြီးနောက်ပိုင်း အင်အားအတောင့်ဆုံးဖြစ်သည့် တပ်မဟာ ( ၁ ) ဝမ့်ဟိုင်း ဌာနချုပ်၌ ၄ မျက်နှာအဝင်အထွက်လမ်းတိုင်း လည်ပတ်နီလုံခြုံရေးတပ်ဖွဲ့ဝင်များ ပိုမိုဖြည့်တင်းချထားသည်ဟုဆို၏။

တောင်ကြီး–မိုင်းရှူးကားသမားတစ်ဦးက *“ပြီးခဲ့တဲ့ တစ်လကစပြီး ဝမ့်ဟိုင်းမှာလုံခြုံရေးတင်းကျပ်လာတယ်။ အရင်ကလို ဖြတ်သွားဖြတ်လာမလွယ်တော့ဘူး။ အစစ်အဆေးထူလာတယ်။ ဂိတ်ပတ်စ်တွေ ဘာတွေ ယူရတယ်”* ဟု ပြောပြ၏။

အလားတူ သျှမ်းပြည်မြောက်ပိုင်း တရုတ်နယ်စပ် NDAA မိုင်းလားအပစ်ရပ်အဖွဲ့ အထူးဒေသ ၄ နှင့် ပန်ဆန်းအပစ်ရပ် UWSA ဝ တပ်ဖွဲ့တို့၏ ထိန်းချုပ်နယ်မြေများတွင်လည်းလွန်ခဲ့သည့်၂ လ ၃ လမှစ၍ စစ်ရေးပြင်ဆင်မှုများပြုလုပ်လာသည်ဟုဆို၏။

*“စစ်ရေးပြင်ဆင်မှုဆိုတာ စစ်အင်အားတွေချထားတာမဟုတ်ဘူး။ တပ်စခန်းအသစ်တွေအတွက် ခံကတုတ်ကျင်းတူးတာတို့၊ မြေနေရာပြင်ဆင်တာတို့ လုပ်လာတယ်။ ဝတပ်ဖွဲ့ကတော့ စီးပွါးရေးကောင်း ငွေအားတောင့်တော့ လူသူလက်နက်အင်အားတွေပိုစုလာတယ်၊ အမြဲတမ်းအသင့်ပြင်ထားတယ်။ ဒီအကြောင်း တြိဂံတိုင်းမှူးအသစ်ကလည်း သိတယ်”* ဟု အပစ်ရပ်အဖွဲ့နှင့် ရင်းနှီးကျွမ်းဝင်သူကျိုင်းတုံတစ်ဦးက ပြောပြသည်။

ထိုနည်းတူNDAA အထူးဒေသ ၄ ထိန်းချုပ်နယ်မြေ မိုင်းယန်းမြို့နယ်တပ်မဟာ ၃၆၉ ဆီလူးဌာနချုပ်၊ အပစ်ရပ်ဝ ထိန်းချုပ်နယ်မြေ မိုင်းပေါက်တို့တွင်လည်း မေလဆန္ဒခံယူပွဲနောက်ပိုင်းမှစ၍ ပြင်ဆင်သတိထားမှုများ၊ စစ်ရေးလေ့ကျင့်မှုများတိုးချဲ့လာသည်ဟုသိရပါသည်။ ❑

# 46 နှစ်အာဏာရှင်အုပ်ချုပ်မှု ပြည်သူလူထုတိုးတက်ရေးလုပ်မပေးဟု သျှမ်းခေါင်းဆောင်ပြော



Image: SHAN

**စဝ်ဟန်ယောင်ဟွေ့**

၂၀၀၈ စက်တင်ဘာ ၁၈ ရက်အနှစ် ၂၀မြောက် ဒုတိယအကြိမ် စစ်အစိုးရအာဏာသိမ်းသည့်နေ့တွင် စစ်အစိုးရတို့ ပြည်သူလူထု အတွက်တိုးတက်ရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းမရှိ၊ တိုင်းပြည်ဆုတ် ယုတ်သွားခြင်းသာရှိသည်ဟု ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏သား စဝ်ဟန်ယောင်ဟွေ့က ပြောပါသည်။

ဒီမိုကရေစီနိုင်ငံတွင် အစိုးရတရပ်အဖို့ ပြည်သူလူထုအကျိုး ဆောင်ရွက်ရန် ၅ နှစ်ခန့်သာအချိန်ယူရုံနှင့်အလုပ်ဖြစ်နိုင်သော်လည်း မြန်မာနိုင်ငံ၌ ပြည်သူလူထုအကျိုး ဘာမှလုပ်မပေးခဲ့သော စစ်အစိုးရက နှစ်အကြာရှည်ဆုံး ဖိနှိပ်အုပ်ချုပ်ခဲ့သည်ဟု ထောက်ပြ၏။

*“ပင်လုံစာချုပ်အတိုင်းသွားရင် ပြည်ထောင်စုကြီးပြိုကွဲမယ်လို့ လိမ်လည်ဝါဒဖြန့်တဲ့ ဗိုလ်ချုပ်နေဝင်းကဗမာစစ်တပ်နဲ့ ၁၉၆၂ မှာ အာဏာသိမ်းလိုက်တယ်။ ၂၆ နှစ်လုံးလုံး မဆလတစ်ပါတီအာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့တယ်။တိုင်းရင်းသားတွေကိုကျွန်ပြုစေခဲ့တယ်။ပြည်သူလူထု အတွက်ဘာတိုးတက်ရေးမှလုပ်မပေးတော့ ၈ လေးလုံးအရေးတော်ပုံမှာ ပြုတ်ကျသွားတယ်။ အခု နဝတ၊ နအဖစစ်အာဏာရှင် လက်ထက်မှာလည်း သူပုန်တွေအပစ်ရပ်စဲကြပေမဲ့ တကယ့်အေးချမ်းမှုဖြစ်မလာဘူး၊ နေ့စဉ်နဲ့အမျှ နိုင်ငံရေး၊ စီးပွါးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဘက်ပေါင်းစုံဆုတ်ယုတ်လာတာ၊ ပြည်သူလူထု ဆင်းရဲမွဲတေ၊ ငတ်ပြတ်လာတာ ကနေ့မျက်မှောက်အခြေအနေကသက်သေပြနေတယ်”* ဟု စဝ်ဟန်ကပြောသည်။

စစ်အစိုးရ မဖြစ်မနေကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ လက်နက်ကိုင်အဖွဲ့အားလုံးအပေါ် လက်နက်အပ်ရန်ဖိအားပေး ခြင်းနှင့်ပတ်သက်ပြီး စဝ်ဟန်ယောင်ဟွေ့က –

*“ဒီကိစ္စက ထွက်ပေါက် ၃ ရပ်ရှိတယ်။ ပထမအချက် ကျနော်တို့သိထားရမှာက စစ်အစိုးရဟာ ကျနော်တို့တိုင်းရင်းသားတွေကို ဖြိုခွဲဖို့ဘဲအစဉ်တစိုက်လုပ်နေတယ်။ရှေးပဝေသဏီနှစ်ပေါင်းများစွာကတည်း ကအတူနေထိုင်လာခဲ့တဲ့ ကျနော်တို့သျှမ်းပြည်သားအားလုံး စစ်အစိုးရ ညှို့ဆွယ်မက်လုံးပေးမှုတွေကိုလုံးဝနားမယောင်မိဖို့ပါဘဲ။တိုင်းရင်းသား ခေါင်းဆောင်တွေ အမြဲတမ်းတွေ့ဆုံဆွေးနွေးသင့်တယ်။ ဒုတိယ တချက် ကလက်နက်ကိုင်အဖွဲ့တွေ၊ ငြိမ်းအဖွဲ့တွေ၊ လက်နက်ချသွားတဲ့ အဖွဲ့ တွေလည်းသူတို့ကျေနပ်ဝမ်းမြောက်တာမဟုတ်ဘူး။ ဘာလို့လဲဆို တော့ စစ်အစိုးရဟာသူဖြစ်ချင်တာကို စစ်အာဏာနဲ့ခြိမ်းခြောက်စေ ခိုင်းတယ်။ ဒီတော့လူတွေ အကျင့်ပျက်ခြစားလာကြတယ်။ ဝမ်းရေးအ တွက်ခက်ခဲလာတယ်။ အရပ်သားနဲ့စစ်သားတွေရဲ့ ဘဝရပ်တည်မှု ခက်ခဲလာတယ်။ ဒီတော့အပစ်ရပ်အဖွဲ့တွေအနေနဲ့ ပြည်သူဘက်ရပ် တည်ပေးရမယ်။ တတိယအချက်က ၂၀၁၀ မှာရွေးကောက်ပွဲ မဖြစ်ဖြစ် အောင်စစ်အစိုးရလုပ်မယ်။ ပြည်သူလူထုအနေနဲ့ အစိုးရကိုကြောက် လို့ဖြစ်စေရှုံ့မုန်းလို့ဖြစ်စေ နိုင်ငံရေးကိစ္စကနေ ကင်းကွာသွားတာမျိုး မဖြစ်စေချင်ဘူး။ တိုင်းရင်းသားအုပ်စုတွေ ညီညီညွတ်ညွတ်နဲ့ တိုးဝင်လှုပ်ရှားနိုင်အောင်ကြိုးစားသင့်တယ်။ နောက်ဆုံး ကျနော်ပြောချင်တာ က ကျနော်တို့တိုင်းရင်းသားတွေ ဘုံရည်မှန်းချက်ပန်းတိုင်ရှိရမယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားရမယ်။ အဓိကကတော့အချင်းချင်း အဆက်အသွယ်မပြတ်ဖို့ဘဲ။ ဒါမှအားလုံးကမျှော်လင့်နေတဲ့ ပန်းတိုင် ရောက်နိုင်မှာဖြစ်တယ်”*

၄၆ နှစ်ကြာ အာဏာရှင်အုပ်စိုးမှုကာလအတွင်း ကျူးကျော်စစ် ပြည်တွင်းစစ်ပိုမိုကြီးကျယ်လာခဲ့ပြီး ဒီမိုကရေစီအခွင့်အရေးမှန်သမျှ တစ မကျန်ရိုက်ချိုးခံခဲ့ရ၏။ တတိုင်းပြည်လုံး ခေါင်းဖော်၍မရအောင်အစိုးရ၏ နှိပ်ကွပ်ခြင်းခံခဲ့ရသည်။တောင်တန်း၊မြေပြန့်နယ်ပယ်အားလုံးကပ်ဘေး သင့်ခဲ့ရကာ တတိုင်းပြည်လုံးသူတောင်းစားစာရင်းဝင်နိုင်ငံအဖြစ် ကျ ရောက်ခဲ့ရသည်။

သို့သော် ၁၉၆၂ အာဏာသိမ်းသည့် တော်လှန်ရေးကောင်စီ အမည်ခံ မဆလ တစ်ပါတီအာဏာရှင် ဗိုလ်ချုပ်နေဝင်းနှင့် ၁၉၈၂ မှစ၍ ဗိုလ်စောမောင်လက်မှ အာဏာရလာပြီး နေပြည်တော်မြို့သစ်တည် နအဖစစ်ခေါင်းဆောင် အာဏာရှင်ဗိုလ်သန်းရွှေတို့မှာ ကမ္ဘာ့အချမ်းသာ ဆုံးအကြွယ်ဝဆုံးသူဌေးစာရင်းဝင်ခဲ့ကြသည်။ ၂၀၀၆ နိုဝင်ဘာက ဒေါ်လာသန်းငါးဆယ်တန် ဗိုလ်သန်းရွှေ သမီး၏ စိန်စီသောညမင်္ဂလာ ပွဲတွင်ကမ္ဘာသူကမ္ဘာသားတို့တုန်လှုပ်ရသည်အထိ စည်းစိမ်ရစ်ပြခဲ့ကြ သည်မှာ ဆင်းရဲသားပြည်သူနှင့် အုပ်စိုးသူလူ့မလိုင် အတန်းအစားတို့၏ ကွာဟမှု သာဓကတစ်ခုဖြစ်သည်။ ❑

# နအဖ တို့အကျဉ်းသားထောင်ချီလွှတ်ပေး သျှမ်းခေါင်းဆောင်တဦးမျှမပါ

စက်တင်ဘာ ၂၃ ရက်က နအဖစစ်အစိုးရလွှတ်ပေးသော ထောင်ချီအကျဉ်းသားများနှင့်ပတ်သက်၍ ဒီမိုကရေစီလမ်းအတိုင်းသွားလိုပါက ဒေါ်အောင်ဆန်းစုကြည်အပါအဝင်သျှမ်းခေါင်းဆောင်များ၊ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးဖို့လိုကြောင်း – သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကပြောဆိုသည်။

"အခုလွှတ်မြောက်လာတာ သျှမ်းခေါင်းဆောင် တဦးမှမပါဘူး။ ဦးဝင်းတင်နဲ့ နိုင်ငံရေးအကျဉ်းသား တချို့လွှတ်မြောက်လာတာကိုတော့ ကျနော်တို့ကြိုဆိုတယ်၊ ဝမ်းသာတယ်။ သို့ပေမယ့် စစ်အစိုးရ ဒီမိုကရေစီလမ်းကြောင်း အမှန်အတိုင်းသွားချင်တယ်ဆိုရင် – ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားအခွင့်အရေးအတွက် တစိုက်မတ်မတ်လုပ်နေတဲ့ ဦးခွန်ထွန်းဦး၊ စိုင်းညွန့်လွင်တို့ကိုလွှတ်ပေးသင့်တယ်။ အပစ်ရပ်မြောက်ပိုင်း SSA နာယက ဗိုလ်ချုပ်ဆေထဲန်၊ ဂဂကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် ကိုကိုကြီးတို့လည်းလွှတ်ပေးဖို့လိုတယ်" သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ဆိုပါသည်။

လွှတ်မြောက်လာသော အကျဉ်းသား ၉,၀၀၀ ကျော်အနက် နိုင်ငံရေးအကျဉ်းသား ၁% မျှပင်မပြည့်သောကြောင့် နိုင်ငံရေးအပြောင်းအလဲအတွက် မျှော်လင့်ချက်မရှိသေးကြောင်း၊ နအဖစစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲအတွက် နိုင်ငံရေးမျက်လှည့်ပြခြင်းသာဖြစ် ကြောင်း ဒီမိုကရေစီအရေးဆောင်ရွက်သူများက ဆိုသည်။

"ဒေါ်အောင်ဆန်းစုကြည်၊ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်နှင့်အသက်ကြီးရင့်နေပြီဖြစ်သောထောင်ဒဏ် ၁၀၆ ကျခံရသူ ဗိုလ်ချုပ်ဆေထဲန်တို့ လွှတ်မြောက်ရေးအတွက် နိုင်ငံတကာအနေနှင့် စစ်အစိုးရအားဖိအားပေးဖို့လိုကြောင်း၊ လွှတ်ပေးသည့်အကျဉ်းသား ၉,၀၀၀ ကျော်အနက် နိုင်ငံရေးအကျဉ်းသား ၁၀ ဦးပင်မပြည့်သည့်အတွက် နအဖလုပ်ရပ်ကို ထောက်ခံဖို့၊ အကူအညီပေးဖို့မသင့်တော်သေးကြောင်း" – အဝေးရောက်သျှမ်းအဖွဲ့အစည်း ၁၁ ဖွဲ့၏ဆက်သွယ်ရေးတာဝန်ခံ စိုင်းခေးဆိုင်ကလည်းဆိုပါသည်။

## ဒီစိတ်ကူးနဲ့ဒီလမ်းတူး၊ အာဏာရူးတို့လက်ဦးမှုရယူ




2010 ရွေးကောက်ပွဲ၊ ဒင်းတို့ပဲအသင့်ဖြစ်၊ ကလိမ်ကကျစ်နည်းနဲ့အနိုင်ယူ

# ဝတပ်ဖွဲ့အား လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ရန်၊ နအဖ တပ်မှူးကျောသပ်တိုက်တွန်း



တြိဂံဒုတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းက ၂၀၀၈ နှစ်ကုန်၌ အပစ်ရပ် ဝတပ်ဖွဲ့လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရေးအတွက် ပြင်ဆင်ထားရန်နှင့် ထိုင်းနယ်စပ်တလျှောက် အခြေစိုက်ဝတပ်များ မြောက်ပိုင်းပန်ဆန်းဌာန ချုပ်သို့ တပ်ဆုတ်ရန် ထပ်မံကျောသပ်ချော့မြူတိုက်တွန်းခဲ့သည်ဟု နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

စက်တင်ဘာ ၁၈ ရက် သျှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် UWSA ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် ဝမ့်ဟုန့်စခန်း၌ ၁၇၁ စစ်ဒေသတပ်မှူး ဝေ့ရှော်ယင် (ဝေ့ရှော်ကန်း၏ညီ)နှင့်အခြား ဝ တပ်မှူးများအား ဗိုလ်မှူးချုပ်ဝေလင်း သွားရောက်တွေ့ဆုံစဉ် စည်းရုံးပြောဆိုခြင်းဖြစ်သည်ဟုဆို၏။

*"လက်နက်ချမယ် မချဘူးဆိုတာ တောင်ပိုင်းဝတပ်ဖွဲ့ကဘဲ လုပ်လို့ မရဘူး။ ပန်ဆန်းဌာနချုပ်ရဲ့ ဆုံးဖြတ်ချက်ကို နားထောင်ရမယ်"*– ပေ့ါထောက်ဆမ်ဟု ဒေသခံများခေါ် ဝေါ်ကြသည့် ဝေ့ရှော်ယင်က ပြန်ဖြေကြောင်း ဝအရာရှိတစ်ဦးနှင့်သိကျွမ်းသည့် မိုင်းဆတ်ကား သမားတစ်ဦးက ပြောပြသည်။

*"လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ခွန်ဆာ့ MTA တပ်ကိုထိုးစစ်ဆင်ဖို့ ကျနော်တို့ကို မြောက်ပိုင်းကနေခေါ် ဆင်းလာတယ်။ ကနေ့ အထိယွက်စစ်ရဲ့ SSA တပ်ကိုတိုက်ခိုက်ဖို့ ကျနော်တို့ ဖိအားပေးခံနေရဆဲဖြစ်တယ်။ ကျနော်တို့တပ်ဖွဲ့စားဝတ်နေရေးအတွက် ကျပ်သန်းထောင်ချီရင်းနှီးပြီး မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ရတယ်။ ဒီအရင်းအနှီးတွေအတွက် ကျေနပ်တဲ့အထိလျော်ကြေးမရရင်တလက်မမှ တပ်မဆုတ်ဘူး"* ဟု ဝတပ်ဖွဲ့ကအစည်းအဝေးအပြီး နအဖတပ်မှူးတစ်ဦးအားပြန်ပြောသည်ဟုဆို၏။

ဝတပ်ဖွဲ့ ကျပ်သန်းထောင်ချီ ရင်းနှီးမြှုပ်နှံခဲ့ရသော စိုက်ပျိုးရေးလုပ်ငန်းများမှာ နှင်းသီးခြံ၊ လိမ္မော်ခြံ၊ ကော်ဖီခြံ၊ လဖက်ခြံ၊ စပျစ်သီးခြံ အပြင် အများဆုံးကုန်ကျသောရာဘာခြံနှင့် ကြက်၊ ဝက်မွေးမြူရေးတို့ ဖြစ်ကြောင်း နယ်စပ်မှထိုင်းအာဏာပိုင်တစ်ဦးကဆို၏။

*"နအဖအကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေကနေ* ***အပစ်ရပ်အဖွဲ့တွေနဲ့ အဆင်ပြေပြေဆက်ဆံပါ ပြဿနာမဖြစ်စေနဲ့*** *လို့ တိုင်းမှူးတွေကိုမှာကြားတယ်။ စစ်အစိုးရအဖို့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ စစ်မျက်နှာ ၂ ဘက် တပြိုင်ထဲမဖွင့်ချင်ဘူးလေ။ တဘက်တလမ်းကလည်း ပြည်တွင်းပြည်ပ အတိုက်အခံတွေနဲ့ အပစ်ရပ်အဖွဲ့တွေအကြား အလေးထားနေရလို့ဘဲ"* ဟု စစ်ရေးကျွမ်းကျင်သူ နယ်စပ် ထိုင်းလုံခြုံရေးအရာရှိတစ်ဦး သုံးသပ်ပြောဆိုသည်။ ❑

# သျှမ်းသံတော်ဆင့်သတင်း ဗမာဘာသာဝက်ဘ်ဆိုက် ကြည့်နိုင်ပြီ



သျှမ်းသံတော်ဆင့်သတင်းဌာနမှ ဗမာဘာသာဝက်ဘ်ဆိုက် **http://www.mongloi.org/burmese/** ကို ၂၀၀၈ ဩဂုတ်စ်လ ၁၆ ရက်မှစ၍ တင်ဆက်လိုက်ပြီဖြစ်၏။ သျှမ်းပြည်တိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး နှင့်အခြားစိတ်ဝင်စားဖွယ်သတင်းများ၊ ဆောင်းပါးများ၊ လှုပ်ရှားမှုဗွီဒီယိုမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း စာဖတ်သူပရိတ်သတ်များထံ သတင်းကောင်းပါးအပ်ပါသည်။

သျှမ်းသံတော်ဆင့်သတင်းဌာန

# ကွန်ဟိန်း နအဖစစ်တပ်ဒေသခံ ယာမြေသိမ်း၊ ညကင်းအလှည့်ကျ စောင့်ခိုင်း

သူပုန်နှိမ်နင်းရေး ဖြတ်လေးဖြတ်စီမံကိန်းဖြင့် မြို့ပြင် ကျေးလက်မှ ကွန်ဟိန်းမြို့တွင်းသို့ ၁၉၉၆–၉၇ ကတည်းက အဓမ္မပြောင်းရွှေ့ခိုင်းခြင်းခံရသောရပ်ကွက် ၃ ဒေသခံများ၏ ယာမြေ ၁၀ ဧကခန့်ကို တပ်ပိုင်ကြက်ဆူခြံအဖြစ် ကွန်ဟိန်းအခြေစိုက်နအဖစစ်တပ် ခလရ ၂၄၆ ကသိမ်းယူသည့်အပြင်၊ ရွာသားများအားစစ်တပ်အတွက် လုပ်အားပေးခိုင်း၊ ကားလမ်းတစ်လျှောက်ညကင်းစောင့်ခိုင်းကြောင်း ကွန်ဟိန်းဒေသခံများက ပြောပြသည်။

*“ ကွန်ဟိန်းမြို့တွင်းမြို့ပြင် ကျေးလက်တောရွာမကျန် တစ်အိမ်တစ်ယောက် လုပ်အားပေးခိုင်းတယ်။ နေ့ဘက် စစ်တပ်အတွက် ကြက်ဆူပင်စိုက်ခိုင်းတယ်။ ပြောင်းခင်းမြက်ရှင်းခိုင်းတယ်။ တပ်သုံးရေခပ်ခိုင်းတယ်။ညဘက်ကွန်ဟိန်း –ကာလိကြား တောင်ကြီး – ကျိုင်းတုံ ကားလမ်းတစ်လျှောက်ကင်းစောင့်ခိုင်းတယ်။သျှမ်းသူပုန်တွေလမ်းဖြတ်ကူးတာတွေ့ရင် အချက်ပေးခလောက်တီးရမယ်တဲ့ ”* ဟုလယ်မြေအသိမ်းခံရသူ ဒေသခံတစ်ဦးကပြောပြ၏။

တဖွဲ့လျှင်ရွာသား ၅ ယောက် ကင်းအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မိုင်ဝက်အကွာအဝေးတိုင်း ကင်းတဲတစ်လုံးထိုးရ၏။ ခလောက်တီးသံကြားရစေရန် မနီးမဝေးကင်းတဲထိုးခိုင်းခြင်းဖြစ်သည်ဟုဆို၏။

*“ တစ်ပတ်မှာ ၂ ည ၃ ညလောက် ကင်းသွားစောင့်ရတယ်။ မသွားလို့ မရဘူး။ မအားရင် လူငှားရတယ်။ တစ်ညကျပ် ၁,၅၀၀ ပေးရတယ်။ ကိုယ့်ရိက္ခာနဲ့ ကိုယ် သွားရတယ်။ နေ့ဘက်လုပ်အားပေး ညဘက်ကင်းစောင့်တရက်ထဲကျတဲ့အိမ်ဆိုရင် ဇနီးကနေ့ဘက်လုပ်အားပေးသွား၊ ယောကျ်ားကညဘက်ကင်းသွားစောင့်–မိသားစုအတွက်တော်တော်အခက်ကြုံရတာပေါ့”* ဟုကင်းသွားစောင့်ရသူဒေသခံတစ်ဦး ကလည်းပြောပြသည်။

ကြက်ဆူပင်စိုက်ခင်းလုပ်ရန် လယ်မြေအသိမ်းခံရသည့်ပိုင်ရှင်များမှာ စိုက်ပျိုးရန်မြေယာများမရှိတော့သဖြင့် ယောကျ်ားဖြစ်သူမှာ ထင်းရှာရောင်း၍ ဇနီးဖြစ်သူမှာ မှျစ်ရှာ မှိုရှာ အသက်မွေးဝမ်းကျောင်းပြုနေကြရသည်ဟုဆို၏။ *“ဝမ်းရေးအတွက် ရှာရခက်လိုက်တာဗျာ၊ သူများလို ထိုင်းကိုဘဲပြေးရမလားလို့ တောင်စဉ်းစားမိတယ်”* ဟူ၍ ညည်းတွားပြသေးသည်ဟု ကြားသိရပါသည်။ ❑

# ဟိုင်းမှူးကတော်ကြိုဆိုရေး လုပ်အားပေးရ၊ ပိုက်ဆံလည်းကောက်

လားရှိုးအခြေစိုက် ရပခတိုင်းမှူးကတော် မိခင်နှင့်ကလေးအဖွဲ့အကြောင်းပြု၍ မူစယ်သို့သွားလည်မည်ဟုဆိုသဖြင့် ဒေသခံများသန့်ရှင်းရေးလုပ်ရသည့်အပြင် တစ်အိမ်ကျပ် ၁,၅၀၀ လည်း အကောက်ခံရကြောင်း သျှမ်းပြည်မြောက်ပိုင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

စက်တင်ဘာ ၂ ရက် မူဆယ်သို့ရောက်လာမည့် ရပခတိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်ကတော် ဒေါ်ချယ်ရီအားကြိုဆိုရန် မူစယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်တို့သည်မော့တောင်း (၁၀ ရွာ) အုပ်စု၊ ကျေးရွာဥက္ကဌတို့အား ဩဂုတ်စ် ၂၉ ရက်ကတည်းက အစည်းအဝေးခေါ် သန့်ရှင်းရေးလုပ်ခိုင်းသည်ဟုဆို၏။

*“မော့တောင်းအုပ်စု မော့တောင်းရွာဇရပ်မှာ အစည်းအဝေးလုပ်မယ်ဆိုတော့ မော့တောင်းအသွား မူစယ်မြို့တွင်း လမ်းမကြီးဘေးတစ်လျှောက်၊ မော့တောင်းအုပ်စုဇရပ်အပါအဝင် ကျေးရွာတွေထဲသန့်ရှင်းရေးလုပ်ခိုင်းတယ်။ ဩဂုတ်စ် ၂၉ ကတည်းက စက်တင်ဘာ ၂ ရက်အထိ တစ်အိမ်တစ်ယောက်မသွားမနေရ သန့်ရှင်းရေးသွားလုပ်ရတယ်။ ဒါတင်မကသေးဘူး၊ တိုင်းမှူးကတော်လာရင် လက်ဆောင်ဝယ်ပေးဖို့ တစ်အိမ်ကျပ် ၁,၅၀၀ ကောက်တယ် ”* ဟု မော့တောင်းအုပ်စုမှ ဒေသခံတစ်ဦးကပြောပြသည်။

ထို့ပြင် လမ်းဘေးဝဲယာအလံထူရန် တစ်အိမ်လျှင်တိုင် ၁၀ လုံးဆင့်ဆိုသည်ဟုဆို၏။ ကိုယ်တိုင်သွားမရှာနိုင်သောဒေသခံ တစ်ချို့မှာ ဝါးလုံး ၁၀ လုံးအတွက် ကျပ်ထောင်နှင့်ချီ ပေးဝယ်ရသေးသည်ဟု ၎င်းကဆက် ပြောပြ၏။

တိုင်းမှူးကတော်ခေါ်သည့် အစည်းအဝေးသွားတက်ရသူအိမ်ရှင်မတစ်ဦးကလည်း *“မိခင်နဲ့ကလေးတွေရဲ့ ကျန်းမာရေးအခြေအနေမေးတယ်။ ခြင်ထောင်အလုံး ၅၀၀ နဲ့ ကလေးတွေအတွက် ခွေးအရုပ်လေးတွေ အကောင် ၁၀၀ လောက်ပေးသွားတယ်။ သူမလာခင်ကောက်တဲ့ မော့တောင်းအုပ်စု တစ်အိမ်ကျပ် ၁၅၀၀ ( ၁၀ ရွာ၊ အိမ်ခြေ ၆၀၀ ခန့်) တော့ခရက၊ မယကတို့က သူ့ကိုလက်ဆောင်ဝယ်ပေးလိုက်တယ်”* ဟုဆိုပါသည်။

ရပခတိုင်းမှူးကတော်ကြိုဆိုရန် ၄–၅ ရက်ကြာ ရွာသားများအချိန်ပေးရပြီး အဆိုပါဒေါ်ချယ်ရီမှာ စက်တင်ဘာ ၂ ရက်နေ့ခင်း ၁ နာရီခန့်တွင် မော့တောင်းအုပ်စု ဘုန်းကြီးကျောင်းဇရပ်သို့ ရောက်လာ၍ ညနေ ၄ နာရီခွဲတွင် ပြန်သွားသည်ဟုဆို၏။ ရပခတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်ကိုယ်တိုင်လည်း စက်တင်ဘာ ၃ ရက်က မူဆယ်သို့ရောက်သွား၍ မြို့လုံခြုံရေးတိုးမြှင့်ရန် ဌာနပေါင်းစုံအစည်းအဝေးတရပ်ဆင့်ခေါ်သည်ဟု သိရပါသည်။

❑

နိုင်ငံရေး

# SNLD ဥက္ကဋ္ဌ ၆၅ နှစ်မြောက်မွေးနေ့ပွဲ ချင်းမိုင်သျှမ်းအဖွဲ့ကျင်းပ

စက်တင်ဘာ ၁၁ ရက်နေ့သည် စစ်အစိုးရကစွဲချက်ပေါင်း မြောက်များစွာဖြင့် ကချင်ပြည် ပူတာအိုအကျဉ်းထောင်၌ ထောင်ဒဏ် ၉၆ နှစ်ကျခံနေရသူ SNLD သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌစဝ်ခွန်ထွန်းဦး၏ ၆၅ နှစ်မြောက်မွေးနေ့ဖြစ်သည့်အလျောက် သျှမ်း လူငယ်များပူးပေါင်းဆောင်ရွက်ရေးကော်မတီ SYC ကဦးဆောင်၍ ချင်းမိုင်မြို့ ဝပ်ကူတောက်ကျောင်းတွင် ဆွမ်းကပ်အလှူပြုပွဲနှင့် သျှမ်းပြည် နိုင်ငံရေးအကျဉ်းသားများအကြောင်းရှင်းလင်းပွဲ ကျင်းပခဲ့ပါသည်။

နံနက် ၁၀ နာရီမှ နေ့ခင်း ၂ နာရီအထိကျင်းပခဲ့သောခွန်ထွန်းဦး ၏ ၆၅ နှစ်မြောက် မွေးနေ့ဆွမ်းကပ်အလှူပြုပွဲသို့ မျိုးချစ်သျှမ်းခေါင်း ဆောင်အချို့နှင့် သျှမ်းလူငယ်မောင်မယ် ၁၀၀ နီးပါး တက်ရောက်ခဲ့ ကြ၏။

သံဃာတော်များအားဆွမ်းကပ် အလှူပြုမှုအပြီး၊ နေ့လည်ပိုင်း ရှင်းလင်းပွဲအခမ်းအနားဆက်လက်ပြုလုပ်ရာ သျှမ်းပြည်အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ ဦးခွန်စိုင်းက *“ စဝ်ခွန်ထွန်းဦးဟာ တစ်နေ့မဟုတ်တစ်နေ့ နအဖစစ်အစိုးရရဲ့ အဖမ်းအဆီးခံရမယ်၊ မိသားစု နဲ့ခွဲခွါရမယ်ဆိုတာ ကြိုသိထားရက်သားနဲ့ ဖွင့်မလျှော့ခဲ့ဘူး။ သတ္တိရှိရှိ ဆက်လက် ကြိုးပမ်းခဲ့တယ်။ အဖမ်းခံရပြီးလဲ စိတ်ဓါတ်မကျခဲ့ဘူး။ အပြင် လောကမှာ ဆက်လက်လှုပ်ရှားတဲ့ပုဂ္ဂိုလ်တွေကို အားပေးတယ်။ သူ့ လို ရဲစွမ်းသတ္တိပြည့်ဝပြတ်သားတဲ့ပုဂ္ဂိုလ် အရမ်းရှားတယ်”* ဟုပြော၏။

အလားတူ ဇိုဏ်းလျှောဝိုင်းတော်သားသျှမ်းအဆိုတော် ဆခဟ ကလည်း *“စဝ်ခွန်ထွန်းဦးဟာ မိမိကိုယ်ကျိုးအတွက် စွန့်လွှတ်အနစ်နာ ခံသူတစ်ယောက်ဖြစ်တယ်။ အဖွဲ့ အစည်းအတွက် မိမိကိုယ်ပိုင်ငွေကြေး ထုတ်သုံးတယ်။ နိုင်ငံရေးလုပ်ရင် အဖမ်းခံရမယ်ဆိုတာ အစကတည်းက သိထားပေမဲ့မကြောက်မရွံ့ဘဲ ပြည်သူလူထုက ရွေးကောက်တင်မြောက် တာဝန်ပေးတဲ့အတိုင်း လုပ်ဆောင်တယ်။ ပြည်သူ့ဆန္ဒကို ရှေ့ရှုခဲ့တယ်။ ထောင်ထဲရောက်သွားတော့လည်း* ***အပြင်မှာကျန်တဲ့လူတွေ လုပ်စရာရှိ တာ ရဲရဲဝံ့ဝံ့ဆက်လုပ်ပါ။ ကျုပ်တို့ထောင်တွင်းကလူတွေထိမှာကို ဘာမှ မစိုးရိမ်ပါနဲ့*** *လို့ ၂ ကြိမ် ၃ ကြိမ်တောင် မှာကြားခဲ့တယ်”* ဟုဆို၏။

ထို့အပြင် ဦးခွန်ထွန်းဦးသည် စည်းရုံးရေးကောင်းကြောင်း၊ လူငယ်များနှင့် ဖော်ရွေစွာဝင်ဆန့်ကြောင်း၊ လုပ်ငန်းတာဝန်ကြောင့် မိမိ သားသမီးအား မျိုးချစ်စိတ်ရှင်သန်စေရန် ပျိုးထောင်ချိန်မရခဲ့သည်မှာ အားနည်းချက်တစ်ခုဖြစ်ကြောင်း *“မိသားစုထမင်းအိုးကွဲရသည်မှာ သျှမ်းပြည်အရေးကြောင့်လော၊ နအဖစစ်အစိုးရကြောင့်လော”* ဆို သည်ကိုသားသမီးများမခွဲခြားတတ်သည်မှာသာဓကတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်အခွင့်ကြုံပါက မျိုးဆက်သစ်လူငယ်များအနေနှင့် ဥက္ကဋ္ဌကြီး ၏ သားသမီးများနှင့်ဆက်သွယ်အားပေးစည်းရုံး တိုက်တွန်းစေလို ကြောင်း ဆခဟကထောက်ပြခဲ့၏။

အလားတူ စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီမှ ၅ နာရီ အထိ ဂျပန်နိုင်ငံသျှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ Shan Nationalities for Democracy (Japan) နှင့်အတူ ကရင် KNL၊ ချင်း CNC၊ ကချင် DKN၊ ရခိုင် ALD၊ မွန် PMNS ၊ ပလောင် PNLD စသည့် တိုင်းရင်းသားအဖွဲ့များ၊ NLD/ BDA/ LDB/ ABSDF စသော ဒီမိုက ရေစီအဖွဲ့တို့သည်ဂျပန်နိုင်ငံတိုကျိုမြို့ရှိ UN ရုံးရှေ့၌ *“၁၉၉၀ရွေး ကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီအား နိုင်ငံတော် အုပ်ချုပ်ရေး၌ပါဝင်ခွင့် ရရေး UN မှ မြန်မာနိုင်ငံ အရေးဖြေရှင်းပေးရန်၊ သုံးပွင့်ဆိုင်ဆွေးနွေးရေး အမြန်ဆုံးအကောင် အထည်ဖော်ပေးရန်”* တောင်းဆိုဆန္ဒပြကြသည် ဟု တိုကျိုမှပေးပို့လာသော သတင်းများအရ သိရပါသည်။




Image : SND Japan

ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး မစ္စတာ ဗန်ကီမွန်းနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ စုံစမ်းရေးကိုယ်စား လှယ် သောမတ်စ် အိုဂျေး ကွင်တားနားထံ ပေးပို့သောစာတွင် *“ထောင် ဒဏ်နှစ်ရှည်ကျခံရသော ခွန်ထွန်းဦးအပါအဝင် သျှမ်းခေါင်းဆောင်များ အားလုံး၊ နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးခေါင်း စဉ် ဖြင့်ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆွေးနွေးပေးရန်”* ဂျပန်ရောက် သျှမ်းအဖွဲ့များဖြစ်ကြသော SSND နှင့် SND တို့က တင်ပြထားသည် ဟုဆိုပါသည်။

SNLD ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦးသည် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ သိန္နီမြို့၌မွေးဖွားခဲ့သည်။ ဖခင်စဝ်ကြာဖုံသည် သီပေါစော်ဘွား စဝ်ကြာဆိုင်၏အစ်ကိုဖြစ်သည်။ တောင်ကြီးမြို့ ကမ္ဘောဇကျောင်းမှ တက္ကသိုလ်ဝင်တန်းကို ၁၉၆၄ တွင် အောင်မြင်ခဲ့ပါသည်။ ၁၉၆၅ ရန်ကုန် တက္ကသိုလ်တွင် ဥပဒေဘာသာရပ်ကို ဒုတိယနှစ်အထိ တက်ရောက်ခဲ့ သည်။၁၉၆၇ မှ၁၉၇၇ အထိအင်ဒိုနီးရှားသံရုံးစစ်သံမှူး၏ကိုယ်ရေးအရာ ရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက်ဂျပန်နိုင်ငံမှ OCS ကုမ္ပဏီ၏မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၈ စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော သျှမ်းတိုင်းရင်းသား များ ဒီမိုကရေစီအဖွဲ့ချုပ်တွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန် ယူခဲ့ပြီး ၁၉၈၉ တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်မေလ ၂၇ တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးဆောင်၍ သျှမ်းတိုင်းရင်းသားများနေထိုင်သော ဒေသအသီးသီးမှဝင် ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ **SNLD** သည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် **NLD** ပြီးလျှင်တပြည်လုံးတွင်နေရာအများဆုံး အနိုင် ရခဲ့သည်။

ဦးခွန်ထွန်းဦးကိုယ်တိုင် သီပေါမြဲဆန္ဒနယ်အမှတ် ၁ တွင်ဝင် ရောက်အရွေးခံခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရပါသည်။

၁၉၉၃ နအဖစစ်အစိုးရ၏ အမျိုးသားညီလာခံတွင် တိုင်းရင်း သား ၇ ပြည်နယ်အတွက် အခြေခံရပိုင်ခွင့်များတင်ပြတောင်းဆို သော် လည်းလစ်လျူရှုပယ်ချခြင်းခံခဲ့ရ၏။ အမျိုးသားညီလာခံလုပ်ထုံးလုပ် နည်းများတရားမျှတမှုမရှိကြောင်း နိုင်ငံခြားအသံလွှင့်ဌာနများအား ရဲရဲ ဝံ့ဝံ့ ထုတ်ဖော်ပြောဆို၏။ နအဖစစ်အစိုးရချမှတ်ခဲ့သော ဦးတည်ချက် ၆ ရပ် အခြေခံမူ ၁၀၄ ချက်နှင့် လမ်းပြမြေပုံ ၇ ဆင့်တို့ကို လက်မခံနိုင် သဖြင့် အမျိုးသားညီလာခံမှ နုတ်ထွက်ခဲ့သဖြင့် ဦးခွန်ထွန်းဦးနှင့် **SNLD** အဖွဲ့အား နအဖစစ်အစိုးရက မျက်စိဆံပင်မွေးစူးခဲ့သည်။

ထို့ကြောင့် သျှမ်းပြည်မျိုးဆက်သစ်ခေါင်းဆောင်များ ဦးဆောင် ကျင်းပသည့် ၂၀၀၅ ဖေဖော်ဝါရီ ၇ ရက် သျှမ်းပြည်နယ်နေ့ ညစာစား ပွဲအပြီး ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်နေ့များ၌ ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦး နှင့် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့အား ရန်ကုန်မြို့နေအိမ်၌ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသည်။ သျှမ်းပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းမှုစွပ်စွဲ ချက်အပြင်အခြားအမှုပေါင်းများစွာရာကြံ၍ထောင်ဒဏ် ၉၆ နှစ်စီရင် ချက်ချကာ ဥက္ကဋ္ဌကြီးအားရာသီဥတုဆိုးဝါးလှသော ကချင်ပြည် ပူတာ အိုထောင်သို့ပို့ဆောင်ချုပ်နှောင်လိုက်သည်။ ပုဂ္ဂိုလ်ရေးရာစီးပွါးရေးပိုင် ဆိုင်မှုများကိုလည်း စစ်အစိုးရက သိမ်းယူချိတ်ပိတ်ခဲ့သည်။ စစ်အစိုးရ ဖမ်းဆီးခဲ့သော **SSA** အပစ်ရပ်ခေါင်းဆောင် ဗိုလ်ချုပ်ဆေထဲန့်အား (ထောင်ဒဏ် ၁၀၆ နှစ်)၊စိုင်းညွန့်လွင်အပါအဝင်သျှမ်းပြည်မျိုးဆက်သစ် ခေါင်းဆောင်ဆရာဦးမြင့်သန်းနှင့်အဖွဲ့ဝင်များအားထောင်ဒဏ် ၇၅ နှစ် နှင့်အထက်ချမှတ်၍ ရာသီဥတုဆိုးဝါးလှသောမြန်မာပြည်နယ် စွန် နယ်ဖျားအသီးသီးသို့ရက်စက်စွာပို့ဆောင်အကျဉ်းချရာ ၂၀၀၆ မေလ တွင် ရခိုင်ပြည်နယ် သံတွဲထောင်၌ ဆရာဦးမြင့်သန်းကွယ်လွန်သွား ခဲ့သည်။❑

# ၁၉၉၀ ရလာဒ်အသိအမှတ်မပြုဘဲ နောက်ရွေးကောက်ပွဲ လက်မခံ




(၁၆ - ၉ - ၂၀၀၈) နေ့က ထိုင်း-မြန်မာနယ်စပ်တွင်ပြုလုပ်သည့် CRPP ဖွဲ့စည်းခြင်း (၁၀) နှစ်မြောက်အခမ်းအနားတွင် MPU အဖွဲ့ဝင် ဦးလှဦးက CRPP ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

Image : NEJ

၁၉၉၀ ပြည့်ရွေးကောက်ပွဲရလာဒ်ကိုအသိအမှတ်ပြုအကောင် အထည်မဖော်ဘဲနဲ့ နောက်ရွေးကောက်ပွဲ လုပ်တာကိုလက်မခံဘူးလို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်တွေက **CRPP** ၁၀ နှစ် ပြည့်နှစ်ပတ်လည်နေ့မှာဆွေးနွေးပွဲလုပ်ခဲ့ကြပါတယ်။ ၁၉၉၀ ပြည့်ရွေး ကောက်ပွဲအတိုင်းဆက်လက် လုပ်ဆောင်သွားမှာဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို လက်မခံနိုင်သလို ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲသစ် ကိုလည်း လက်မခံတဲ့အကြောင်းဆွေးနွေးခဲ့တယ်လို့ **CRPP** အတွင်း ရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

*“အဓိကကတော့ စစ်မှန်တဲ့ရွေးကောက်ပွဲဆိုတာလွှတ်လပ်ပြီး တော့တရားမျှတတဲ့ရွေးကောက်ပွဲတစ်ခု။ ဒီလိုရွေးကောက်ပွဲဖြစ်မြောက် ရေးအတွက်လက်ရှိနအဖစစ်အစိုးရမှာလည်းတာဝန်ရှိပါတယ်။တနည်း နည်းနဲ့ အကောင်အထည်ဖော်ဖို့ တာဝန်ရှိတယ်။ပြီးတော့ပြည်သူ့လွှတ် တော်ခေါ် ပေးရမယ့်တာဝန်အခုထက်ရှိနေသေးတယ်။ ဒါတွေ တရားဝင် ဘာမှလည်းမပြောဘဲနဲ့ နောက်ရွေးကောက်ပွဲဆိုတာမျိုးပြောနေသေး တာကို CRPP အနေနဲ့ ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး။ ဒါတွေကို အကျယ်တဝင့်ဆွေးနွေးခဲ့ပါတယ်။”*

ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် ဂမ်ဘာရီရဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီးဆွေးနွေးခဲ့တာကတော့ သူ့ရဲ့ခရီးစဉ်တိုင်းဟာ အောင်မြင်မှုမရှိသလိုကုလသမဂ္ဂချမှတ်ထားတဲ့ရည်ရွယ်ချက်တွေနဲ့လည်း အလှမ်းကွာဝေးသွားတဲ့အကြောင်းလည်း ဆက်ပြောသွားပါတယ်။

*“ဒီနေ့မြန်မာနိုင်ငံရဲ့ဖြစ်နေတဲ့အကျပ်အတည်းကိုဖြေရှင်း ဖို့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကနေ ဝေးသွားတယ်ဆိုတဲ့အကြောင်း အဓိကထားပြီးဆွေးနွေးကြတယ် ”*

ပြည်ပမှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကတော့ မြန်မာစစ်အစိုးရကို ကုလသမဂ္ဂကနေတရားဝင်အစိုးရအဖြစ်အသိအ မှတ်မပြုရေး ဖယ်ရှားရေးလုပ်ဆောင်မှုတွေရှိနေတာကြောင့် **CRPP** ရဲ့ သဘောထားကတော့–

*“ဒါကပြင်ပမှာရှိတဲ့အဖွဲ့ အစည်းတွေကမကထပြုလုပ်ကြ တာ ဆိုတော့ သူတို့ရဲ့ လုပ်နည်းလုပ်ဟန်အရ မြန်မာနိုင်ငံကို ဒီမိုကရေစီ*

*လမ်းကြောင်းပေါ် ရောက်အောင်လုပ်တဲ့လုပ်နည်းလုပ်ဟန်တခုအနေနဲ့ ဘဲမြင်ပါတယ်။”*

**CRPP** ကတော့ စစ်အစိုးရကိုတရားဝင်အစိုးရအဖြစ်အသိအမှတ်မပြုရေး၊ ကုလသမဂ္ဂကဖယ်ရှားရေးအတွက် လှုပ်ရှားမှုတွေမရှိသေးကြောင်းနဲ့ တွေ့ဆုံဆွေးနွေးခြင်းကိုဘဲဖြစ်အောင်လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိတယ်လို့ဆိုပါတယ်။ တွေ့ဆုံဆွေးနွေးမှုတောင်းဆိုထားတာလဲနှစ်ကာလကြာပြီဖြစ်သလို မြန်မာစစ်အစိုးရဘက်ကတွေ့ဆုံဆွေးနွေးရေးတောင်းဆိုခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေ နိုင်ငံရေးလှုပ်ရှားသူတွေကို ဖမ်းဆီးမှုတွေဘဲလုပ်နေတာကြောင့် ဒါဟာဖြစ်နိုင်ချေရှိပါ့မလားလို့ လဲမေးကြည့်ခဲ့ပါတယ်။

*“မှန်ပါတယ်။ နအဖ တဖက်သတ်ချထားတဲ့ **Road Map** အတိုင်းသွားနေတဲ့အတွက်ကြောင့်တွေ့ဆုံဆွေးနွေးရေးကိုတကယ်တမ်းလုပ်ဖြစ်သည့်တိုင်အောင် ဟန်ပြဘဲလုပ်နိုင်မှာ။ တကယ်ဘဲအမျိုးသားအကျိုးအတွက်လက်တွဲဆောင်ရွက်နိုင်တဲ့အထိညှိနှိုင်းတွေ့ဆုံသွားမယ့်အရိပ်အယောင်လက္ခဏာတွေအခုထက်ထိမတွေ့ရသေးပါဘူး။ အရိပ်အယောင်မတွေ့ရပေမဲ့တွေ့ဆုံဆွေးနွေးရေးဖြစ်လာအောင်ပြည်တွင်းမှာရော ပြည်ပမှာရော နိုင်ငံတကာကရောဝိုင်းပြီးတော့ဘယ်လိုစွမ်းအားတွေပေးနိုင်မလဲဆိုတာကိုတော့အဓိကထားပြီးဆွေးနွေးခဲ့ပါတယ်။”*

VOA ၁၇/၀၉/၂၀၀၈

# ပလောင်အမျိုးသမီးများ နအဖ စစ်သားနဲ့ အတင်းအိမ်ထောင်ပြုနေရ

မြန်မာနိုင်ငံမှာ ပလောင်လူမျိုးတွေဟာနအဖစစ်တပ်ရဲ့ပေါ် တာဆွဲတာ အဓမ္မခိုင်းစေတာခံနေရရုံမက ပလောင်အမျိုးသမီးတွေကို ဗမာစစ်သားတွေနဲ့အတင်းအကျပ် အိမ်ထောင်ပြုခိုင်းတာမျိုးအထိရှိလာနေပါပြီ။

နအဖစစ်သားတွေက ပလောင်အမျိုးသမီးတွေကို သမရိုးကျမဟုတ်တဲ့နည်းနဲ့ အိမ်ထောင်ပြုနေတာတွေဟာ ပလောင်ဒေသမှာ အတော်လေး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေကြတဲ့အတွက် မကျေနပ်ကြတဲ့ ကာယကံရှင်အမျိုးသမီးတွေနဲ့ သူတို့ရဲ့မိဘတွေဟာ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး **PSLF** ကိုတိုင်တန်းတာတွေရှိတဲ့အကြောင်း၊


Photo : website

စက် တင်ဘာ ၁၃ ရက်စနေနေ့က ထိုင်းနယ်စပ်မှာကျင်းပခဲ့တဲ့ ပလောင်စာပေနဲ့ယဉ်ကျေးမှုမြင့်တင်ရေးနေ့အခမ်းအနားမှာ **PSLF** ရဲ့အထွေထွေအတွင်းရေးမှူး မိုင်အိုက်ဖုန်းက ပြောကြားခဲ့ပါတယ်။

*“အဓမ္မအိမ်ထောင်ပြုခိုင်းတာတွေ ကျယ်ပြန့်လာတယ်။ ပလောင်ဒေသမှာဆိုရင် နမ့်ဆန်မြို့ မန်တုံမြို့ ကွတ်ခိုင် နမ့်ခမ်းမြို့တို့မှာ အများဆုံးဖြစ်တယ်။ နမ့်ခမ်းမှာ အယောက် ၁၀၀ နီးပါးရှိပြီ။ အခြားမြို့မှာလဲ ၅၀ အထက် ၁၀၀ နီးပါးရှိတယ်။ ဖြစ်နေတာတော့ကြာပြီ၊ ဒါပေမဲ့ ၂၀၀၅ နောက်ပိုင်းပိုများလာတယ်။ ဘာဖြစ်လို့လဲဆိုတော့နအဖနဲ့ အပစ်ရပ်ထားတဲ့ ပလောင်အပစ်ရပ်အဖွဲ့ကလက်နက်တွေအပ်လိုက်တော့ နအဖကပိုပြီးတပ်အင်အားတွေတိုးချဲ့လာတယ်။ ပိုပြီးတော့လွှမ်းမိုးလာတယ်ဆိုတော့ အဖြစ်များလာတာပေ့ါ။ ၂၀၀၇–၂၀၀၈ မှာ တော်တော်များလာတယ်။အခုဆိုတမြို့မှာ ၁၀၀ ကျော်လောက်ရှိပြီ။”*

နအဖနဲ့ရပ်ထားတဲ့ ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော်**PSLA** က ၂၀၀၅ နောက်ပိုင်းမှာ နအဖထံ လက်နက်ချလိုက်တဲ့နောက်ပိုင်းကစပြီး ဒေသခံပလောင်ရွာသားတွေကို ပေါ် တာဆွဲတာ အဓမ္မလုပ်အားပေးခိုင်းတာတွေ ပိုလုပ်လာတယ်လို့ မိုင်အိုက်ဖုန်းက ပြောပါတယ်။

မိုင်အိုက်ဖုန်းရဲ့ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦးဟာ ၁၉၉၁ တုန်းက ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် နအဖနဲ့ အပစ်ရပ်သွားတဲ့အချိန်မှာ ကွဲပြီးကျန်ခဲ့တဲ့ ပလောင်လူငယ်တွေနဲ့ဖွဲ့ထားတဲ့တပ်ဦးဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ နယ်စပ်ကလူမျိုးစုတွေ မြန်မာ့ဒီမိုကရေစီ အင်အားစုတွေနဲ့ပူးပေါင်းပြီးတော့ နအဖစစ်အစိုးရကိုအခုချိန်အထိ ဆက်ပြီးတိုက်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။

BBC ၁၅/၀၉/၂၀၀၈

ဆောင်းပါး

# တရားစီရင်ရေးနှင့် ဒီမိုကရေစီ

သျှမ်းသံတောင်ဆင့် စိုင်းဆဲယ်န်ဂျင့်

14/09/2008

၂၀၀၈ စက်တာဘာ ၉ ရက်နေ့၌ ထိုင်းနိုင်ငံအခြေခံဥပဒေ တရားရုံးက ထိုင်းဝန်ကြီးချုပ် ဆမတ်ဆွန်ထောရဝေ့ဇ်အား အခြေခံဥပဒေပုဒ်မ ၂၆၇ နှင့်ညီစွန်းကျူးလွန်သဖြင့် ဝန်ကြီးချုပ်ရာထူးကုန်ဆုံးရပ်ဆိုင်းပြီးသားဖြစ်ကြောင်း စီရင်ချက်ချ လိုက်၏။ ယခင်ဝန်ကြီးချုပ်ဟောင်း ထတ်ဆင်၏ရုပ်သေး(PPP ပါတီ)အစိုးရအား သုံးလကျော်ဆန့်ကျင် ဆန္ဒပြပြီး ဆမတ်ရာထူးမှ ဆင်းပေးရန်အစဉ်တစိုက်ဖိအားပေးတောင်းဆိုခဲ့ကြသော ပြည်သူ့ဒီမိုရေကစီမဟာမိတ် PDA အဖို့တစိတ်တပိုင်းအောင်ပွဲအဖြစ် ဟစ်အော်ကြွေးကျော်ကြိုဆိုခဲ့ကြ၏။ အဆိုပါအခြေခံဥပဒေတရားရုံး၏ စီရင်ချက်မှာတရားသူကြီး ၉ ဦးစလုံး၏ တခဲနက်ဆုံးဖြတ်ချက်ဖြစ်သည်ဟုဆိုသည်။

ဤဖြစ်ရပ်ထူးကြီးကား ဒီမိုကရေစီလိုလား မြတ်နိုးသူ ထိုင်းလူထုအတွက်သာမက ဒီမိုကရေစီငတ်ပြတ်မွတ်သိပ်နေကြသည့် မြန်မာပြည်သူများအတွက် ချီးကျူးအားရစရာ၊ စံနမူယူစရာ၊ အတုယူစရာဖြစ်၏။ ထို့ထက်မက အမှန်တရား လက်ကိုင်ထားသူ ဗမာစစ်ဗိုလ်များအဖို့ သတိမူစရာ သံဝေဂရစရာဖြစ်၏။ ကြမ်းတမ်းသည့် ခရောင်းတောလမ်းကို အနှစ် ၇၀ ကျော်ဖြတ်သန်းလာခဲ့သည့် ထိုင်းဒီမိုကရေစီ ရေစီးကြောင်းအဖို့ တိုးတက်ပြောင်းလဲမှုတရပ်နှင့် အဆင့်သစ်နိုင်ငံရေးကဏ္ဍ ဦးတည်မှုခြေလှမ်းလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ယခင်ထိုင်းဝန်ကြီးချုပ်ဟောင်း သန်းကြွယ်သူဌေးကြီး ထတ်ဆင်၏အလိုတော်ရိဟု သတ်မှတ်ခြင်းခံရသည့်ဆမတ်အား အခြေခံဥပဒေတရားရုံးမှ ဝန်ကြီးချုပ်ရာထူးကုန်ဆုံးရပ်ဆိုင်းပြီးသားဖြစ်ကြောင်း စီရင်ချက်ချလိုက်ရခြင်းမှာ ပုဂ္ဂလိကကုမ္ပဏီများထံမှ အခကြေးငွေရယူခဲ့သောကြောင့်ဖြစ်၏။ ဝန်ကြီးချုပ်ရာထူးယူထားသူဖြစ်လျက်နှင့် တီဗွီရှိုး အချက်အပြုတ်ကြော်ငြာဖြင့် အကျိုးအမြတ်ပိုက်ဆံလက်ခံခြင်းသည် အခြေခံဥပဒေ ပြဋ္ဌာန်းချက်ချိုးဖောက်ခြင်း ဖြစ်သောကြောင့်ပင်။

ဤမျှလောက်နှင့် ဝန်ကြီးချုပ်ရာထူးမှ ဆမတ်ဖယ်ရှားခြင်းခံရသည်ဆိုလျှင် ဗမာစစ်ဘုရင်ကြီး ဗိုလ်သန်းရွှေအဖို့ပြောဘွယ်ရာမရှိ။ စစ်အုပ်စုထိပ်သီး ဗိုလ်သန်းရွှေနှင့် ထိုက်တန်သောပြစ်ဒဏ်ကား အတိုင်းအဆမရှိတော့။ ဗိုလ်စောမောင်အား ဖယ်ရှားပထုတ်ပြီး ၁၉၉၂ ကတည်းက ယနေ့ထက်တိုင် အာဏာအလွဲသုံးစားပြုလုပ်ခြင်း၊ တရားမျှတမှုချိုးဖောက်ကျူးလွန်ခြင်းများအပေါ် စုံစမ်းစစ်ဆေးအရေးယူနိုင်လျှင် အဝိစိငရဲသည် ဗိုလ်သန်းရွှေအဖို့ နည်းပါးနေဦးမည်။ နိုင်ငံပိုင် ဘဏ္ဍာငွေကိုမိသားစုပိုင်လိုသဘောထားသည့် လုပ်ရပ်အစ၊ မင်္ဂလာဆောင်ည၌ သမီးတော်ဆင်မြန်းပြသည့် စိန်စီသောခနေအဆုံး၊ ဘယ်ကဘုံးထားကြသနည်း။ ဘယ်ရွှေ့ ဘယ်မျှကြုံးခဲ့ကြမည်နည်း။ မည်သည့် ပြစ်ဒဏ်များနှင့် ထိုက်တန်သနည်း။။ ဒီမိုကရေစီနှင့် အာဏာရှင်သည် ကောင်းကင်နှင့်မြေလွှာ၊ ဆီနှင့် ရေပမာ ခြားနားလှပေစွ။ ကွာဟမှု မှန်းဆခက်လှသည်။

ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့သည် ဒီမိုကရေစီစံနစ်ကိုကျားကန်ပေးထားကြသောမဏ္ဍိုင်ကြီး ၃ ရပ်ဖြစ်၏။ အကြောင်းမှာထို အာဏာ ၃ ရပ်သည် အပြန်အလှန်တည်မှီထိန်းညှိ ထောက်ကူပံ့ပိုးနေကြသောကြောင့်ဖြစ်၏။ အထူးသဖြင့် တရားစီရင်ရေးလွတ်လပ်မျှတမှုရှိလေ၊ ပြည်သူတရပ်လုံး၏ ဆန္ဒလိုလားမှုနှင့်ကိုက်ညီလေ၊ လူထု၏အခွင့်အရေးအတွက် အာမခံချက်ရှိလေဖြစ်၏။ အဆင့်မြင့် စစ်မှန်သောဒီမိုကရေစီသည် လူများစု၏ဆန္ဒအပေါ် အလေးထား၊ လူနည်းစု၏အခွင့်အရေးအားကာကွယ်၊ တရားမျှတမှု နယ်ပယ်ကို လွှမ်းခြုံထားနိုင်သောကြောင့်ဖြစ်သည်။

တရားစီရင်ရေးအာဏာသည် သစ္စာမဏ္ဍိုင်၊ အမှန်တရားလက်ကိုင်ထား၊အရာအားလုံး– အရှိအတိုင်း ဟုတ်တိုင်းမှန်ရာထောက်ပြ၊ တရားမျှတမှုကိုသာရှေ့ရှု၏။ သို့ဖြစ်၍ တကယ့်တရားစီရင်ရေး သည် ရေများရေနိုင်၊ မီးများမီးနိုင်နှင့်ဆန့်ကျင်ဖက်ဖြစ်၏။ ဒီမိုကရေစီခိုင်မာလာလျှင် နိုင်ငံရေးအာဏာရှိတိုင်း၊ အုပ်ချုပ်ရေးအာဏာလက်ကိုင် ထားတိုင်း၊ ငွေများတိုင်း၊ သေနတ်အားကိုးတိုင်း တရားစီရင်ရေးအပေါ် မလွှမ်းမိုးနိုင်ပေ။ ဤသက်သေအထောက်အထားကို အာရှနိုင်ငံများအကြားထိုင်းကပူပူနွေးနွေးပြသခဲ့လေပြီ။ ထတ်ဆင်နှင့်ဆမတ်တို့ လှလှကြီးခံလိုက်သောဖြစ်ရပ်များသည် တရားစီရင်ရေးကဏ္ဍ၏ စံနမူနာကောင်းဖြစ်သည်။ အုပ်ချုပ်ရေးအာဏာအမြင့်ဆုံး နိုင်ငံ့အကြီးအကဲကိုပင်အပြစ်ရှိလျှင်ရှိသလို သမာသမတ်ကျကျ စီရင်ချက်ချလိုက်ခြင်းသည် ဒီမိုကရေစီအုတ်မြစ်ကျစ်လစ်ခိုင်မာစေသောအချက်ကြီးဖြစ်သည်။

- ❑ တရားစီရင်ရေးသည် ဒီမိုကရေစီစနစ်၏ မဏ္ဍိုင်ကြီးတခု
- ❑ တရားစီရင်ရေးသည် ဒီမိုကရေစီစနစ်အတွက် စံချိန်စံနှုန်း
- ❑ တရားစီရင်ရေးသည် ဒီမိုကရေစီအဆင့်အပေါ် တိုင်းတာဖေါ် ပြမှုဖြစ်သည်။

၇၆ နှစ် ဒီမိုကရေစီခရီးဖြတ်သန်းပြီးခဲ့သော ယနေ့ထိုင်းနိုင်ငံ၏တရားစီရင်ရေးသည် ပြည်သူလူထုအတွက်၊ အတိတ်ကာလနှင့်မတူ ပိုမိုမြဲခိုထောက်ကူအားထားလာနိုင်၏။ လက်ရှိထိုင်းတရားစီရင်ရေးစံထားချက်လောက်နှင့် မျက်မှောက်ဗမာပြည်၏ တရားစီရင်ရေးအပေါ် ချိန်ထိုး သုံးသပ်ကြည့်နိုင်၏။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအရ၊ ငဲ့ကွက်ထည့်တွက်ခြင်းမပြုဘဲ၊ တရားမျှတမှုနှင့်ဥပဒေကြောင်းအရထောက်ပြရလျှင်၊ စစ်အာဏာရှင်ဗိုလ်သန်းရွှေသည်ထတ်ဆင်၊ ဆမတ်တို့ထက် အဆပေါင်းထောင်သောင်းမက ပြစ်ဒဏ်ကျခံသင့်လှသည်။ ၎င်းတို့သည် စစ်မှန်လွတ်လပ်မျှတသော တရားစီရင်ရေးကို အလေးထားဖေါ်ဆောင်

ဘို့နေနေသာသာ၊ နိုင်ငံရေး စစ်ရေး အာဏာဖြင့် တရားစီရင်ရေးအပေါ် ခြယ်လှယ်လွှမ်းမိုးကြီးစိုး ထား၏။ အာဏာရှင်ပီပီတိုင်းပြည်၏ အချုပ်အခြာအာဏာသုံးရပ်အပေါ် သေနတ်အားကိုး စိုးမိုးအုပ်ချုပ်လာခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အား မတရား–နှစ်လလွန်အကျယ်ချုပ်ထားခြင်း၊ သျှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ ဗိုလ်ချုပ်ဆေထဲန့်တို့အား လူ့သက်တမ်း၏ ၂ ဆ ၃ ဆ ထောင်ဒဏ်နှစ်ရှည်ချလိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခံရဆဲ နိုင်ငံရေးအကျဉ်းသား တထောင်ကျော်အားလံကြုပ်စွဲချက်အမျိုးမျိုးဖြင့် ပြစ်ဒဏ်ချခြင်းတို့သည် လွတ်လပ်မျှတသော တရားစီရင်ရေးကဏ္ဍနှင့် လားလားမျှအကြုံးမဝင်။ အာဏာရှင်တို့အညှိုးထားမုန်းယိုမှု အလိုဆန္ဒချည်းဖြစ်၏။ ဗမာပြည်ကား တရားဥပဒေစိုးမိုးမှုအလျဉ်းမျှမရှိကြောင်း အထင်းသားပေါ်လွင်နေသည်။ သျှမ်းခေါင်းဆောင်များ ၊ စုစုနွေးတို့ကဲ့သို့ NLD ပါတီဝင်များ၊ မင်းကိုနိုင်၊ မမီးမီးစသည့် ၈၈ မျိုးဆက်သစ်ကျောင်းသားဆောင်းဆောင်များ၊ အရှင်ဂမ္ဘီရတို့လို ရွှေဝါရောင်တော်လှန်ရေးအာဇာနည်များအား အများပြည်သူရှေ့မှောက် စီရင်ချက်မချ၊ ရှေ့နေမရ၊ ချေပခွင့်မရှိဘဲ အင်းစိန်ထောင်ထဲ တရားရုံးတွင်တခါးပိတ်တဖက်သက်စီရင်ချက်ချခဲ့ခြင်းသည် မှန်ကန်သည့် တရားစီရင်ရေး လုံးဝကင်းမဲ့သောသာဓကများဖြစ်သည်။

တပြည်လုံးတရားသူကြီးမှန်သမျှအား မတရားသူကြီးအာဏာရှင်တို့က နဖားကြိုးတပ်အမိန့်ပေးနိုင်သည့် အနေအထားမှာ ဗိုလ်သန်းရွှေစစ်အုပ်စု လက်ထက်တရားစီရင်ရေးပြယုဂ်ကြီးဖြစ်၏။ နအဖ ဖွဲ့စည်းပုံရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ၊ ဖွဲ့စည်းပုံ အတည်ပြုရေး ဆန္ဒခံယူပွဲ ကော်မတီဥက္ကဋ္ဌ၊ ၂၀၁၀ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ စသည့် တာဝန်ရာထူးများ ရယူထားကြသော ဦးအောင်တိုးတို့ကဲ့သို့ ရှေ့နေချုပ်၊ တရားသူကြီးချုပ်များသည်လည်း ဗိုလ်သန်းရွှေစစ်အုပ်စုအား အလုပ်အကျွေးပြုရသူများဖြစ်၏။ အာဏာရှင်များ ကြိုးဆွဲတိုင်း ကနေရသည့် လက်ပါးစေများသာဖြစ်၏။ ဤသို့ဖြင့် ဗမာပြည်တရားစီရင်ရေးကား–မတရားစီရင်ရေး ဖြစ်နေရသည်။

ဒီမိုကရေစီ စနစ်အုဋ်မြစ်အခြေခိုင်စေသော၊ တရားစီရင်ရေး မဏ္ဍိုင်အပေါ် မည်သည့်အာဏာမျှမလွှမ်းနိုင်သည့် တိုင်းပြည်များ၌ အမြင့်ဆုံး နိုင်ငံ့အုပ်ချုပ်ရေးအာဏာပိုင်ဆိုင်ကြသူများပင်လျှင် တရားဥပဒေ၏ အဆုံးအဖြတ်ကိုမလွန်ဆန်နိုင်။ တိုးတက်သည့် မဟာအင်အားကြီးနိုင်ငံများ၏ နိုင်ငံ့အကြီးအကဲများပင်လျှင် တရားစီရင်ရေးအာဏာကို အာခံဖီဆန်ခြင်းမပြုနိုင်။ ဖိလိပင်းမှ ဖါဒီနန်မားကို့စ်၊ အာဂျင်တီးနားမှ ပီနိုရှေး၊ ပီရူးမှ ဖူဂျီမိုရီတို့ကအစ၊ အမေရိကန်ပြည်ထောင်စု သမ္မတများ ဖြစ်သည့် နစ်ဆန်၊ ကလင်တန်တို့အဆုံး၊ တရားစီရင်ထုံး၏ ဆုံးမမှုကို ခံခဲ့ကြရ၏။

ကျွန်ုပ်တို့၏ နောက်ဖေးအိမ်နီးချင်းထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းထတ်ဆင်လည်း ငွေများတိုင်းတရားမနိုင်၊ ဆမတ်လည်းရွေးကောက်ပွဲအနိုင်ရ ဝယ်မဲများပြားတိုင်း တရားမနိုင်–ရင်ဆိုင်ခဲ့ကြပြီ။

ယနေ့ ဗမာပြည် ဥပဒေပြုအာဏာပိုင်–ဖွဲ့စည်းပုံရေးဆွဲရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာပိုင်–နိုင်ငံတော် တရားသူကြီးချုပ်၊ ရှေ့နေချုပ်တို့သည်လည်းကောင်း၊ အုပ်ချုပ်ရေး အာဏာပိုင်– အစိုးရခေါင်းဆောင်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် လည်းကောင်း၊ ဗိုလ်သန်းရွှေလက်အောက် ပြားပြားမှောက်ကြရသည်ချည်းဖြစ်၏။ ထတ်ဆင်၊ ဆမတ်နှင့်ဗိုလ်သန်းရွှေတို့၏ အနေအထားမှာကားနှင့်လှည်း၊ အမဲနှင့်အဖြူပမာကွာခြားလှသည်ကို နှိုင်းပြခြင်းငှာမတူမတန်ရာ ဟုဆိုချင်ကဆိုနိုင်သည်။

ပသို့ဆိုစေ၊ တရားစီရင်ရေးသည် ဒီမိုကရေစီ၏မဏ္ဍိုင်၊ နိုင်ငံရေးစနစ်၏စွမ်းအားခေါင်တိုင်တရပ်ဖြစ်ပါကြောင်း။ ❑



# နိုင်ငံရေးရော စစ်ရေးပါပူးပေါင်းမှ အပြောင်းအလဲလုပ်နိုင်မည်

*"နည်းလမ်းပေါင်းစုံဆိုတာ ပြည်တွင်းကလူထုအားနဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် တဖက်က ကြိုးစားလုပ်ကိုင်ဆောင်ရွက် သွားမယ်။ ထိုနည်းတူစွာဘဲ တိုင်းရင်းသားနယ်မြေတွေမှာရှိတဲ့ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်သွားမယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဖြစ်ဖို့ဟာက နိုင်ငံရေးနည်းလမ်းတစ်ခုတည်းနဲ့လည်း မရသလို စစ်ရေးနည်းလမ်း တစ်ခုတည်းနဲ့လည်းမရနိုင်ဘူး။ နိုင်ငံရေးရော စစ်ရေးပါအားလုံးပူးပေါင်းပြီး ဟန်ချက် ညီညီ လုပ်ရှားနိုင်မှသာလျှင် နိုင်ငံရေး အပြောင်းအလဲ ဆိုတာ ဖြစ်လာနိုင်မှာ"*

ENC အထွေထွေအတွင်းရေးမှူးသစ်
ဒူဝါမခေါ် ခွန်ဆာ 03/09/2008

# အစိုးရနှင့် အရပ်သားလူ့အဖွဲ့အစည်းနိုင်ငံရေး

စဝ်နွန်းဥ (ရပ်စောက်) ဧပြီ ၂၀၀၈ လန်ဒန်မြို့

ကျွန်ုပ်တို့၏ ဘဝရည်မှန်းချက်ကား အဘယ်နည်း။ ဒလိုင်းလားမား ကဲ့သို့သော ဗုဒ္ဓဘာသာသက်ဝင် ကိုးကွယ်သူများ အဘို့ လူ့ဘဝ၏ ရည်မှန်းချက်မှာ ကိုယ်စိတ်နှဖြာချမ်းသာမှုနှင့် ပူပင်သောကကင်းဝေးမှု (သို့) **သုခရင်း–ဒုက္ခကင်း** မှုဖြစ်သည်ဟု ယုံကြည်ကြ၏။

သတ္တလောက သဘာဝအားဖြင့် လူသားမျိုးနွယ်သည် အုပ်စုအဖွဲ့အစည်းဖြစ်သဖြင့် သက်ဆိုင်ရာမိမိတို့၏ လူ့အဖွဲ့အစည်းနှင့် အတူတကွပူးပေါင်းနေထိုင်မှသာ ဖွံ့ဖြိုးတိုးပွါးကြီးထွားကြရ၏။ အချင်းချင်းထိပါးကျူးကျော်ဖောက်ဖျက်မှု၊ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် စည်းမျဉ်းဥပဒေများ ချမှတ်လာတတ်စေရန်လည်း ကြိုးပမ်းတက်လှမ်းနိုင်ခဲ့ကြ၏။ ဤသည်ပင်လျှင်မိမိတို့၏ သွေးရင်းသားရင်းမျိုးနွယ်စုများ ရှင်သန်ရေးဆီဦးတည်စေခဲ့သည်။ အနှီစည်းမျဉ်းစည်းကမ်းများသည်ပင် မိမိတို့မျိုးဆက်နှင့် လူ့အဖွဲ့အစည်းအတွင်းလေ့လာသင်ယူမှုအကြား လက်ဆင့်ကမ်းလာခဲ့ရသည်။ ဤသို့ဖြင့် မိမိတို့၏ကတိကဝတ်ဆိုင်ရာ၊ အမှန်တရားဆုပ်ကိုင်မှုဆိုင်ရာ၊ သူ့ဘို့ ငါ့ဘို့ကိုယ်ချင်းစာတရားဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများကိုလည်း ဖွံ့ဖြိုးစေခဲ့ကြသည်။

ဘဝဆိုသည်မှာ မိမိတို့ချမ်းသာသုခရှိစေရန်နှင့်တင်းတိမ် ရောင့်ရဲမှုရှိစေရန် အရာရာကိုရှာကြံစူးစမ်း နည်းလမ်းပေါင်းစုံလေ့လာ သုသေတနပြုကြရ၏။ အေးချမ်းသာယာသည့် လူမှုအဖွဲ့အစည်းဆိုသည်မှာ အခြေခံအုတ်မြစ် ၂ ခုအပေါ် တွင်တည်ဆောက်ထား၏။ လူသားမျိုး နွယ်စုအချင်းချင်းအပေါ် ကျင့်ကြံထားရှိသော မေတ္တာတရား/ အကြင်နာတရားနှင့်ယုတ္တိဓမ္မ – တရားမျှတမှု ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခြေခံမူဝါဒတို့ဖြစ်သည်။

တာဝူဝါဒ ( Daoism) အယူအဆကား လူသားမျိုးနွယ်၏ မူလဘူတ သဘာဝအတိုင်းဆိုလျှင် ကမ္ဘာလောကသည်သတ္တဝါ (လူသား–တိရိစ္ဆာန်) များလိုက်လျောညီထွေစွာ သဟဇာတရှိရှိနေထိုင်သည့် အရပ်ဒေသဖြစ်၏။ အဆိုပါလိုက်လျောညီထွေမှု– ထိပါးထိုးဆွမှုနောက် ခံရသည်နှင့် ဖြစ်ပေါ် လာသည့် အကျိုးဆက်မှာ ရာဂ၊ လောဘရမ္မက်၊ အတ္တကိုယ်ကျိုးအတွက်နှင့် လုယက်ပြိုင်ဆိုင်မှုများဖြစ်ကြ၏။ လိုက်လျောညီညွတ်ခြင်း ကင်းမဲ့မှုနှင့်အတူ နိုင်ငံရေးကိစ္စ အကျင့်သီလ စရိယတရားများ တောင့်တလိုလားလာကြသည်။



တာဝူတေဂျင်း ကျောက်ဆစ်ရုပ်တု

Photo : website

ရပ်တည်ရှင်သန်နေနိုင်သည့် သုခချမ်းသာမှုရှိသောလူမှုအဖွဲ့အစည်းဖြစ်စေရန်ကား ခြောက်ပြစ်ကင်းစင်ဖြူစင်ရိုးသားမှု၊ အမှန်တရားပြောဆိုမှုသစ္စာရှိကတိတည်မှုများ ထိန်းကွပ်ထားသည့် စည်းမျဉ်းစည်းကမ်းအောက်တွင် လိုက်နာကျင့်သုံးနေထိုင်ရန်သာရှိ၏။ အဆိုပါအခြေခံမူစည်းမျဉ်းများကို ပြည်သူလူထုက ဂုဏ်ယူကာကွယ်စောင့်ရှောက်ရန်လိုအပ်သကဲ့သို့ ၎င်းစည်းမျဉ်းများအပေါ် သွေဖည်ထိပါးသော အရာဟူသမျှဆန့်ကျင်ဖျက်ဆီးပစ်ရမည်ဖြစ်သည်။ အရပ်သားလူ့အဖွဲ့အစည်းနိုင်ငံရေးသည်သာ သင့်လျော်လျောက်ပတ်သော စည်းမျဉ်းဥပဒေများရွေးချယ်ရန် ပတ်သက်ကူညီနိုင်ပါသည်။

ပြည်သူလူထုသည် နိုင်ငံရေးနှင့် မိမိတို့ပတ်သက်စွက်ဖက်ဆက်စပ်မှုကိုပြောင်းလဲတတ်၏။ သို့ဖြင့် အသိအမြင်အတွေးအခေါ်များများပညာမပေးဘဲနှင့်လူထုကိုအချိန်မီ မလှုံ့ဆော် မစည်းရုံးနိုင်ပေ။ အခြားတဖက်တွင်မူ သမာသမတ်ကျသော အဆိုပါစည်းမျဉ်းဥပဒေများကိုအခြားလူတစုက ဖေါက်ဖျက်တတ်၏။ ထိုသို့ဖြင့် အကျိုးစီးပွါး၏ ပဋိပက္ခများအပေါ် အကြမ်းမဖက်ဘဲ ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံရေးကိစ္စလိုအပ်လာခြင်းဖြစ်၏။

ဤသည်မှာ–တိုင်းပြည်တစ်ခုအတွင်း အတူယှဉ်တွဲနေထိုင်ခြင်း

> ***စိတ်ကြိုက်ပုံသွင်းရေး ဆွဲသော ဖွဲ့စည်းပုံကို ကာလိမ်ကာကျစ် ဆန္ဒခံယူပွဲဖြင့် ဒင်းတို့ကိုယ်တိုင် အတည်ပြုလိုက်ခြင်းသည်ဟီရိဩတ္တပ ကင်းမဲ့လွန်းသည့် လုပ်ရပ်ဖြစ်သည်***

(သို့) အခြားတိုင်းပြည်နှင့် ပူးတွဲနေထိုင်ခြင်းဆိုင်ရာ နည်းနာပညာဖြစ်တော့သည်။ ဤကား အကြမ်းမဖက်သော ပဋိပက္ခစီမံကွပ်ကဲရေး မဟာမိတ်ရေးရာနှင့် အာဏာချိန်ခွင်လျှာ ထိန်းညှိရေးလည်း ဖြစ်သည်။

ပျော်ရွှင်ချမ်းမြေ့သော အေးချမ်းသာယာသည့်လူမှုအဖွဲ့အစည်းဆိုသည်မှာ အစိုးရတစ်ရပ်၏ အရည်အသွေး/ အရည်အချင်းအပေါ် တွင်လည်း မူတည်၏။ ဒီမိုကရေစီလူ့အဖွဲ့အစည်း၌ကား ပြည်သူများအဖို့ မိမိတို့ကြိုက်နှစ်သက်သည့် အစိုးရအမျိုးအစားကို လွတ်လပ်စွာ မဲပေးရွေးချယ်နိုင်ကြ၏။ လူသားများအဖို့ မိမိယုံကြည်ကိုးစားနိုင်သူနှင့်မယုံကြည်မကိုးစားနိုင်သူကို ကောင်းမွန်စွာရွေးထုတ်နိုင်၏။ အနှီတိုင်းပြည်များအဘို့(ယနေ့ဗမာပြည်တွင်လက်လွတ်ဆုံးရှုံးနေသော) အာမခံချက်နှစ်ခုဖြစ်သည့်**ပုဂ္ဂလိကလွတ်လပ်မှုနှင့် ငြိမ်းချမ်းမှု** ကို နိုင်ငံသားများ ခံစားကြရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းရန် ၁၉၄၇ ၌စတင်ပန္နက်ချခဲ့စဉ် ပြည်ထောင်စုသားများက ဗိုလ်ချုပ်အောင်ဆန်း၏ အခြေခံလမ်းညွှန်မှုများနှင့် ပြည်ထောင်စုပဋိညာဉ်များချမှတ်ခဲ့၏။ ပြည်သူပြည်သားအားလုံး၏ အကျိုးစီးပွါးဦးထိပ်ထား ကြိုးစားလုပ်ဆောင်သော အစိုးရတစ်ရပ်ပေါ် ပေါက်လာမည်ဟု မျှော်ကိုးခဲ့ကြ၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဝိုင်းဝန်းလက်မှတ်ရေးထိုးခဲ့ကြသော ပင်လုံ သဘောတူညီချက်အတိုင်း လိုက်နာကျင့်ကြံ အကောင်အထည်ဖော်မည့်အစား အာဏာသိမ်းစစ်အုပ်စုအဆက်ဆက်က လုံးဝပစ်ပယ်ကျောခိုင်းခဲ့ကြသည်။ ပင်လုံသဘောတူညီချက်ကို လေးစားဂုဏ်ယူခြင်းမရှိသည့် ပြင် ၁၉၄၇ အခြေခံဥပဒေကိုပါ ဖျက်သိမ်းဆုတ်ဖြဲပစ်ခဲ့ကြ၏။ ယခုအခါစစ်အုပ်စုအလိုကျ တပြည်ထောင်စနစ် အခြေခံဥပဒေသစ်ဖြင့် အတည်ပြု အစားထိုးလာသည်။ ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ပုံသွင်းရေးဆွဲသောဖွဲ့စည်းပုံကို ကလိမ်ကကျစ်ဆန္ဒခံယူပွဲဖြင့် ၎င်းတို့ကိုယ်တိုင်အတည်ပြု လိုက်ခြင်းသည်ဟီရိဩတပ္ပကင်းမဲ့ လွန်းသည့်လုပ်ရပ်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးဖြစ်ထွန်းမှုလမ်းကြောင်းများကား နိုင်ငံသားအားလုံး၏ လက်ရှိဘဝကိုသာမက အနာဂတ်မျိုးဆက်သစ်များကိုပါ တိုက်ရိုက်အကျိုးသက်ရောက်၏။ နိုင်ငံသားအားလုံးအတွက် အထောက်အကူပြုအကျိုးများစေသည့် တရားဝင်အခြေခံဥပဒေဖြစ်စေရန်မှာကွဲပြားသည့် တိုင်းရင်းသားပြည်သူအစုအဖွဲ့ အသီးသီး၏ ကိုယ်စားပြုပါဝင်ပူးပေါင်းမှုနှင့် သဘောတူညီမှုရရှိသော အခြေခံဥပဒေဖြစ်ရပေမည်။

အခြေခံလူ့အခွင့်အရေးပြည့်ဝမှု၊ လူသားတစ်ဦးချင်းစီ၏ ပုဂ္ဂလိကရပ်တည်ခွင့်ရှိမှုနှင့် တိုင်းရင်းသားအားလုံး အခြေခံဥပဒေအပေါ် ကြည်ဖြူစွာသက်ဝင်မှုတို့သည်လည်း အရေးပါလှ၏။ လေးစားမှုနှင့် ကိုးစားအားထားမှုခံရသော အစိုးရကောင်းတစ်ရပ်ဆိုသည်မှာ လူသားတန်ဖိုး၊လူ့ဂုဏ်သိက္ခာ၊ အမှန်တရား၊ ညီညွတ်မျှတမှုနှင့် လွတ်လပ်မှုကိုဆက်လက်စောင့်ရှောက်ကာကွယ်ရန် ယုံကြည်စိတ်ချနိုင်သောကြောင့်ဖြစ်သည်။

အာဏာရှင်ဗမာစစ်အုပ်စုသည် နိုင်ငံရေးစကားပြောသော နိုင်ငံရေးသမားများအား ရာဇဝတ်ပစ်မှုကျူးလွန်သူအဖြစ် သတ်မှတ်၏။ မိမိအမိန့် မနာခံသူများအပေါ် အစဉ်တစိုက် နှိပ်ကွပ်နေခဲ့၏။ ဤသို့ဖြင့် ပြည်သူများနိုင်ငံရေးနှင့်ကင်းဝေးစွာ လက်ရှောင်နေထိုင်လိုမှုနှင့်လူထုအကြား နိုင်ငံရေးဆွေးနွေးငြင်းခုံမှုဆိုသည်မှာ ဗမာပြည်၌ရှင်သန်ခွင့် မရှိခဲ့ပေ။ သို့သော်ငြားလည်း နိုင်ငံရေးသည် ပြည်သူများအတွက်အရေးကြီးသည့်ကိစ္စဖြစ်နေဆဲပင်။ အကြောင်းမှာပစ္စုပ္ပန်၏ အနာဂတ် ပြည်သူ့ဘဝ၊ အရည်အသွေး၊ အဆင့်အတန်းအတွက် နိုင်ငံရေးကသာ အဆုံးအဖြတ် ပေးနိုင်သောကြောင့်ဖြစ်သည်။

နိုင်ငံရေးနှင့်ကင်းဝေးစွာ လက်ရှောင်နေခြင်းသည်နိုင်ငံသားများအဖို့အာဏာရှင်များ ဩဇာဖြန့်ကျက်ရန် လမ်းဖွင့်ပေးလိုက်သည့် အလား ဖြစ်၏။ စစ်ဗိုလ်ချုပ်ကြီးများ စီမံဆုံးဖြတ်ဖန်တီးသည့်အတိုင်း ၎င်းတို့၏အညစ်အကြေး အသိုင်းအဝိုင်းကလံကြုပ်ပုံသွင်းသည့်အတိုင်း ဦးနှောက်မလို၊ လက်ညှိုးထောင်ခေါင်းငြိမ့် အမိန့်နာခံရန် သာလိုသည့် စက်ရုပ်အတိုင်း လည်စင်းလိုက်လျောပေးသကဲ့ သို့ဖြစ်သည်။

နိုင်ငံရေးတွင် ပါဝင်ရန် ငြင်းဆန်ရှောင်ဖယ် ကျောခိုင်းခြင်းသည် စစ်အာဏာရှင်ထံ ဒူးထောက်အညံ့ခံခြင်းဖြစ်၏။ နိုင်ငံရေးဖြစ်ရပ်နှင့်မျက်ခြေပြတ်ခြင်းသည် ကျွန်ုပ်တို့၏နိုင်ငံသားအကျိုးစီးပွါးနှင့် ဝတ္တရားအတွက် တာဝန်လစ်ဟင်းမှုနှင့် သွေဖည်ဆန့်ကျင်မှုဖြစ်၏။ ဤသည်မှာ အာဏာရှင်များအသာစီးလက်ဦးမှုရစေရန် ၎င်းတို့သွန်လိုသွန် မှောက်လိုမှောက် တောက်လျှောက်အာဏာ လက်ကိုင်ထားနိုင်စေရန် တွန်းပို့နေခြင်းဖြစ်သည်။

အစိုးရကောင်းတစ်ရပ်တွင် ဥပဒေစိုးမိုးမှု၊ အကြမ်းမဖက်မှု၊ ထင်သာမြင်သာရှိမှု၊ အစိုးရဝန်ဆောင်လုပ်ငန်း ထိရောက်အထမြောက်မှု၊ လာဘ်ပေးလာဘ်ယူခြစားခြင်း ကင်းရှင်းမှုစသည်များမရှိမဖြစ် အဓိကလိုအပ်ကြောင်း သန်းရွှေစစ်အုပ်စုထိပ်သီးကြီးများ နားလည်သိရှိပုံမရပေ။ သို့ဖြစ်၍ပင်လုံသဘောတူညီချက် အခြေခံအနှစ်သာရများနှင့် ဆက်စပ်ယှက်နွယ်သော အခြေခံဥပဒေသစ်တစ်ရပ်ဆိုသည်မှာလည်း ၎င်းတို့အတွက် တန်ဖိုးမဲ့ ဖုတ်လေတဲ့ငါးပိ ဖြစ်၏။

တပြည်ထောင်စနစ် အာဏာရှင်အုပ်ချုပ်မြစ်သက်ဆိုးရှည်စေသည့် ဖွဲ့စည်းပုံအသစ်ကို သန်းရွှေစစ်အုပ်စုက အတည်ပြုလိုက်သည်ဟု မည်သို့ပင်မောင်းခတ်ကြေငြာစေကာမူ အဖိနှိပ်ခံပြည်သူများအဖို့ လိုက်လံလက်ခံအတည်ပြုရတော့မည်မဟုတ်။ ၎င်းတို့အခမ္မကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲ၌လည်း မိမိကိုယ်ပိုင်လွတ်လပ်ခွင့်ကို မည်သို့အသုံးချသင့်ကြောင်း နိုင်ငံသားတိုင်းကိုယ်ပိုင်အသိရှိရှိ အလေးအနက် စဉ်းစားဆုံးဖြတ်ကြပါရန် ပန်ကြားတိုက်တွန်းလိုက်ရပါသည်။ ❑

## စစ်အာဏာရှင် နိဂုံးချုပ်တော့မဲ့အလားအလာ

VOA ဦးအောင်ခင် 19/07/2008

ဂျာမန်စစ်တပ်ဟာ စစ်မှုထမ်းစိတ်ပြင်းထန်တဲ့တပ်ဖြစ်ပေမဲ့ ဆင်ခြင်တုံတရားရှေ့မထားဘဲ မျက်စိပိတ်ပြီး အမိန့်နာခံတာကြောင့် တန်ဖိုးရှိတဲ့ စစ်မှုထမ်းဘဝဆုံးရှုံးခဲ့ရပါတယ်။ ဖက်ဆစ်ဂျပန်မှာလဲ စစ်တပ်နဲ့ အမျိုးသားဝါဒဟာ အပြန်အလှန် အကျိုးပြုပြီး ရှင်သန်ကြီးထွားလာတဲ့ အတွက် စစ်ရေးနဲ့နိုင်ငံရေး ခွဲခြားနိုင်မဲ့အမြင်မျိုးမရှိကြပါဘူး။ ဒါ့ကြောင့် စစ်မဖြစ်မီက ဂျပန်စစ်တပ်ဟာကမ္ဘာပေါ် မှာနိုင်ငံရေးအဆန်ဆုံးလို့ ပညာရှင်တွေကယူဆကြပါတယ်။ ဂျပန်စစ်ဗိုလ်ဟာစစ်မှုထမ်းစိတ် အကင်းမဲ့ဆုံးအရာရှိဖြစ်တယ်လို့ ဆိုပါတယ်။ အနောက်တိုင်းရဲ့စစ်တပ် ဖွဲ့စည်းပုံကို ဂျပန်ကအတုကူးခဲ့ပေမဲ့ အပေါ် ယံရုပ်ဝတ္ထုပစ္စည်းပိုင်းမှာသာ ပုံတူကူးချနိုင်ပြီး အတွင်းစိတ်ပိုင်းဆိုင်ရာစစ်မှုထမ်းစိတ်ကင်းမဲ့တဲ့အတွက် ပျက်စီးခြင်းနဲ့ နိဂုံးချုပ်ခဲ့ပါတယ်။ လက်ရှိဗမာစစ်တပ်ဟာလည်း စစ်မဖြစ်မီက ဂျပန်စစ်တပ်နဲ့တထေရာထဲဖြစ်နေပါတယ်။

# ကွဲပြားမှု စွမ်းအားစု ညီညွတ်ရေး [U in D]

"ညီညွတ်ရေးUnity ဆိုတာ (သက်ဆိုင်ရာအဖွဲ့အစည်းခေါင်းဆောင် ပုဂ္ဂိုလ်အသီးသီးစုပေါင်းပါဝင်တဲ့) ကွဲပြားမှု စွမ်းအားစု ညီညွတ်ရေးUnity in Diversity ဘဲဖြစ်နိုင်တယ်၊ ဖြစ်သင့်တယ်။ တဦးတဖွဲ့ရဲ့ တသွေးတသံတမိန့် ညီညွတ်ရေး Central Command Unity (သို့) Unity in One Command ကျတော့Unitary ဖြစ်သွားပြီ။ အဲဒါကြောင့် Unity နဲ့ Unitary ဒီကွဲပြားမှု ၂ ခုကို သိမြင်ရမယ်။ အတွေးအခေါ် Ideology အပေါ်အခြေခံတဲ့ ညီညွတ်ရေးမူဝါဒ Principle နဲ့အလုပ်လုပ်တဲ့လက်တွေ့ပိုင်းညီညွတ်ရေး Practically ကဏ္ဍနှစ်ခုစလုံးကိုက်ညီဖို့ဆိုတာလူ့သဘာဝအရဘယ်လိုမှမဖြစ်နိုင်ပါ။ တသက်လုံးကြိုးစားလည်းမရနိုင်ပါ။ Unity ကို တနည်းတလမ်းထဲနဲ့ ကြည့်ရင်သွားလို့မရ၊ ခွဲခြမ်းစိတ်ဖြာကြည့်တတ်ဖို့လိုတယ်။"

"လူငယ်တွေရဲ့ တွေးခေါ်မှု၊ အတွေးအမြင်သစ်၊ ခေတ်နဲ့လျော်ညီအပ်စပ်တဲ့ မဟာဗျူဟာ Strategy တွေကိုမသုံးဘူး၊ မပေါင်းစပ်ဘူး။ ပြုပြင် ပြောင်းလဲစရာမလိုဘူး။ ထိပ်ပိုင်းလူကြီးတွေလုပ်တာကိုဘဲ လိုက်လုပ်ကြဆိုပြီး လုပ်ချင်ကိုင်ချင်စိတ်တွန်းအား motivation မရှိဘဲ နေမြဲဖြစ်မြဲ အတိုင်းဆက်သွားရင်၊ အတိတ်ကာလ အဟောင်းအမျင်းကနေ ကျော်နိုင်မှာမဟုတ်။ အရေးကြီးတာက မတူကွဲပြားတဲ့တူရိယာတွေ စုပေါင်း ဖန်တီးတဲ့ မြိုင်မြိုင်ဆိုင်ဆိုင်တီးနိုင်တဲ့ဆိုင်းဝိုင်း Ocherstra ဖြစ်အောင်ဘယ်လိုလုပ်မလဲ။ အဖွဲ့အစည်းတွေ အချိန်အခါနဲ့အခြေအနေအလျောက် ဘယ်လိုအလိုက်အထိုက်ပြောင်းလဲသင့်သလဲဆိုတာတွေဆွေးနွေးဖို့လိုပါတယ်။ စည်းလုံးမှုပြုပြင်ကုစားတယ်ဆိုတာ အဖြူနဲ့အမဲချက်ချင်းရှင်းတဲ့ကိစ္စမဟုတ်ဘူး။ တဦးနဲ့တဦးတဖွဲ့နဲ့တဖွဲ့ နားလည်မှုမပေးနိုင်ရင်ညီညွတ်ရေးအနှောင့်အသွားဖြစ်တယ်။ မေတ္တာတရားရှေ့ထားနားလည်မှုပေးရင်( ဗြဟ္မစိုရ်တရားလက်ကိုင်ထားရင်) ဆွေးနွေးဖြေရှင်းနိုင်တယ်။"

"ကွဲပြားမှုစွမ်းအားစုညီညွတ်ရေးU in D မှာတိုင်းရင်းသားယဉ်ကျေးမှု၊အတွေးအခေါ်၊လုပ်ပုံကိုင်ပုံကွဲပြားကြတာဟာအင်အားတွေဖြစ်တယ်။ ဒီမိုကရေစီလမ်းစဉ်ကိုသွားဖို့ ထောက်ကူပံ့ပိုးတဲ့ အချင်းအရာ Elements တွေဖြစ်တယ်။ Diversity နဲ့ Unity ဟာ ညီအစ်ကိုတွေဖြစ်တယ်။ Diversity ရှိလို့Unityပေါ်လာတာ။ UnityဆိုတာလဲDiversity ကြောင့်၊ Diversity ကိုအခြေခံလာတာ။Unity in Diversity ဖော်ထုတ်တဲ့နေရာမှာ Diversity ကနေ Unity ကိုသွားဘို့လုပ်ရင်Unitary ဖြစ်မသွားဖို့ဘဲ။ တနည်းတလမ်းထဲနဲ့ တဖွဲ့တစည်းရဲ့ ခေါင်းဆောင်ကြီးတွေက အမိန့် Command ပေးပြီး လုပ်သွားတာမျိုးမဖြစ်ဖို့ဘဲ။ အရေးကြီးတာက အလယ်အလတ်နောက်လိုက်တွေမှာ လုပ်ချင်ကိုင်ချင်စိတ်တွန်းအား Motivation ရှိရပါမယ်။"

"စည်းလုံးညီညွတ်မှုကို မှတ်တိုင်လိုသဘောမထားဘဲ လုပ်ရပ်အဖြစ်သဘောထားရမယ်။ လုပ်ရင်းနဲ့ပေါ်ထွန်းလာမယ်ဆိုတဲ့အမြင်နဲ့ ကိုယ်လုပ်စရာရှိတာ၊ကိုယ်ကျွမ်းကျင်တာ ကိုယ်ပိုင်ကိုယ်နိုင်တာကိုလုပ်ကြဖို့ အရေးကြီးတယ်။ အဲလိုလုပ်နေတဲ့လူတွေ အဖွဲ့တွေဟာ တဦးနဲ့တဦး တဖွဲ့နဲ့တဖွဲ့အသိအမှတ်ပြုပြီးတော့ မြိုင်မြိုင်ဆိုင်ဆိုင် တက်လှမ်းဖို့အရေးကြီးတယ်။အဲဒီလိုစည်းလုံးမှုဖြစ်စဉ် Process ဟာနေသားတကျဖြစ်သွားရင် ပြောလို့မပြီးခင်မှာ စည်းလုံးညီညွတ်မှုရှိလာပါမယ်။"

**ဒေါက်တာထွန်းမြင့် (နိုင်ငံရေးသိပ္ပံတွဲဘက်ပါမောက္ခ)**
*Carlton Colledge, Minnesota State, USA,*
VOA 19/9/2008

# စစ်အုပ်စုတွန်းပို့တဲ့ ညီညွတ်ရေး

"နအဖနဲ့စီးချင်းထိုးပြီးသူ့နေရာဝင်ယူဘို့၊တိုင်းပြည်ကယ်တင်ဘို့ အဝေးရောက်အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB မှာလုပ်အားကိုင်အားနည်းလာတယ်။ ဒီအနေအထားကို ပြုပြင်ပြောင်းလဲနိုင်အောင်ကျယ်ပြန့်တဲ့တပ်ပေါင်းစုလိုအပ်တယ်။ ဒီဖက်တိုပါလီမန် De facto Parliament ဘဲခေါ်ခေါ်၊ ယှဉ်ပြိုင်/ကြားဖြတ်အစိုးရဘဲခေါ်ခေါ် Alternative Government ပေါ်လာနိုင်ရင် ပြည်သူကိုကယ်တင်နိုင်မယ့်မျှော်လင့်ချက်လမ်းစများ ပေါ်လာမလားစဉ်းစားသင့်တယ်။"

"ကွဲလွဲမှုနဲ့ ညီညွတ်မှုကိစ္စပြောရရင် ကျနော်တို့တိုင်းရင်းသားတွေကွဲအောင် စစ်အုပ်စုက နည်းလမ်းစုံလင်တမင်သွေးထိုးနေတာ။ အပစ်ရပ်နဲ့ အပစ်မရပ်တွေကိုခွဲ၊ အပစ်ရပ်ထဲမှာလည်း ပြန်ခွဲ။ KNU KNPP အဖွဲ့ဝင်တွေဆိုရင် ၄ ခါသွား ၄ ဖွဲ့ခွဲ၊ အတူမနေနိုင်အောင်ထားပေး၊ ဒီစနစ်မျိုးအခွဲခံရတဲ့အောက်မှာ စည်းလုံးမှုတည်ဆောက်ရတာသိပ်ခက်ခဲတယ်။ တိုင်းရင်းသားတွေ အလိုအပ်ဆုံးက မိမိတို့ရဲ့ Ethnic Identity နဲ့ Ethnic Equality အပေါ်အခြေခံပြီး Federalတည်ဆောက်ဖို့ဘဲ။အဲဒီရည်မှန်းချက်တူညီရင် ပြည်တွင်းပြည်ပဘယ်လောက်ဘဲပုံစံအမျိုးမျိုးနဲ့အခွဲခံရရ၊ ဘုံရည်မှန်းချက်အတွက်တွဲလုပ်နိုင်တဲ့ နည်းလမ်းရှာနိုင်ပါတယ်။ ညီညွတ်ရေးကိုတဖက်လှည့်တည်ဆောက်နိုင်ပါတယ်"

"အခုအနေအထားအရရန်သူကတွန်းပို့တဲ့ညီညွတ်ရေးဖြစ်နေတယ်။ ဒီအချိန်မှာမှမစည်းလုံးနိုင်ရင်ရန်သူ့ကျွန်ပြုမှုကို တသက်လုံးထာဝရခံကြဖို့ဘဲရှိတော့တယ်။ စစ်တပ်ကျွန်မဖြစ်ချင်ရင် ရန်သူတွန်းပို့တဲ့ ညီညွတ်ရေးကို မလွဲမသွေအကောင်အထည်ဖော်ရမှာဖြစ်တယ်"။

**ဗိုလ်မှူးကြီးခွန်ဉက္ကာ** ( PPLO ဥက္ကဋ္ဌ)
VOA- 19/09/2008

# အနှစ် ၂၀ ခရီးနှင့် စည်းလုံးမှုအနှောင်အသွား

၂၀၀၈ ဩဂုတ်စ်နှင့် စက်တင်ဘာလကား ထူးခြားသော နမြောတသအောက်မေ့ဘွယ်၊ သုံးသပ်ဆန်းစစ်ဘွယ်၊ သင်္ခါးစာယူဘွယ်နှစ်ပတ်လည်အချိန်ကာလဖြစ်၏။

၈ လေးလုံးအရေးတော်ပုံ၊ ဒုတိယမ္ဘ စစ်တပ်အာဏာသိမ်းမှု အနှစ် ၂၀ နှင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး နှစ်ပတ်လည်အခါသမယဖြစ်သောကြောင့်ပင်။


ဗိုလ်ချုပ်နေဝင်း


ဗိုလ်ချုပ်သန်းရွှေ

၁၉၆၂ မှ ၁၉၈၈ တပါတီအာဏာရှင် ၂၆ နှစ် အုပ်ချုပ်မှုနှင့် ၁၉၈၈ မှ ၂၀၀၈ နဝတ/ နအဖ ဖက်ဆစ်စစ်အာဏာရှင် အနှစ် ၂၀ ဓါး မိုးကြီးစိုးမှု၊ နှစ်ခုပေါင်း ၄၆ နှစ် သက်တမ်းမှာ နည်းနည်းနောနော မဟုတ်။

၁၉၈၈ အရေးတော်ပုံ၌ လူထုလှုပ်ရှားမှုဖြင့် အာဏာရှင်ဗိုလ်နေဝင်း၏ မဆလယန္တရား ဖြိုဖျက်ဖြုတ်ချနိုင်လျက်သားနှင့် ဘာ့ကြောင့်အခွင့် အလမ်းဆုံးရှုံးခဲ့ရသနည်း။ အနှစ် ၂၀ ကာလအတွင်း ပြည်တွင်းပြည်ပ အတိုက်အခံအုပ်စုများ အဘယ်ကြောင့်အင်အားဆုတ်ယုတ်သွားပြီး စစ်အုပ်စုဘာ့ကြောင့်ပိုမိုခိုင်မာအသာစီးရလာသနည်း။ ဤအရေးကြီးသုံးသပ်ဆွေးနွေးချက်များကို လူသူတကာလိုနားထောင်လေ့လာ ဖတ်ရှုမှတ်သားရပါသည်။

စစ်အုပ်စုကိုမဖယ်ရှားနိုင်သည်မှာ ညီညွတ်မှုမရှိသောကြောင့်ဟုထောက်ပြကြ၏။ မြန်မာ့နိုင်ငံရေးနှင့် စည်းလုံးညီညွတ်ရေးပြဿနာကို သူသူငါငါ ခွဲခြမ်းစိတ်ဖြာ ပြကြ၏။

အချို့က တိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုများအကြားညီညွတ်ရေးပျက်ပြားသောကြောင့်ဟုအလွယ်တကူကောက်ချက်ချကြ၏။ အမှန်မှာ ညီညွတ်ရေးမရှိ၊ စည်းလုံးမှုနတ္ထိဖြစ်နေသည်မဟုတ်။ ညီညွတ်ရေးလျော့ရဲပြီး စည်းလုံးမှုအားမရသေးခြင်းသာဖြစ်သည်။ လိုအပ်သောလုံလောက်သော၊ ရှိသင့်ရှိထိုက်သောညီညွတ်ရေးအဆင့် မရောက်သေးခြင်းသာဖြစ်သည်။

ညီညွတ်ရေးကို တန်းတူရေး၊ တရားမျှတရေးအပေါ် အခြေခံသောအပြန်အလှန်အသိအမှတ်ပြုမှု၊ လေးစားနားလည်မှု၊ ယုံကြည်မှုတို့ဖြင့် တည်ဆောက်ရမည်ဟု လေ့လာသိရှိဖူး၏။ အဓိပ္ပါယ်ပြည့်ဝ သောညီညွတ်ရေးကိုအနှစ်သာရရှိရှိ အကောင်အထည်ဖော်လိုပါက ဤသဘောတရားအတိုင်း (အဖွဲ့အစည်းအသီးသီး ခေါင်းဆောင်အသီးသီးတို့) လက်တွေ့ကျကျ လိုက်နာရမည်ဖြစ်၏။ ဤပေတံဖြင့်တိုင်းတာပါက ညီညွတ်ရေးလျော့ရဲရခြင်းမှာ တန်းတူရေးကျင့်သုံးမှု မထိရောက်သေးသော ကြောင့်ဟုဆိုချင်၏။ ကွဲပြားခြားနားမှုထဲမှ စည်းလုံးမှု Unity in Diversity ဟု ဟစ်အော်ကြွေးကြော်လေ့ရှိကြသော်လည်း Diversity ကိုအလေးမထား နားမလည်ပစ်ပယ်လစ်လျူရှုတတ်ကြ၏။ ရန်ဖက်မဟုတ်သောမိတ်ဖက်ကွဲပြားမှု၊ ဆန့်ကျင်ဖက်မဟုတ်သော ပံ့ပိုးတည်မှီ ဖက်ကွဲပြားမှုအပေါ် တွေဝေမိုးတဝါး ယိုးမှားတတ်ကြသောကြောင့်ဖြစ်သည်။

အပြန်အလှန်အသိအမှတ်ပြု၊ လေးစားနားလည်ယုံကြည်မှုနည်းပါးလျှင် ဆက်သွယ်ဆက်ဆံမှု၊ မေးထူးခေါ်ပြောမှု၊ ဝင်ထွက်မှု၊ တွဲခေါ်ဆွဲခေါ်မှုများလည်းလျော့ရဲမည်ဖြစ်၏။ အတိုက်အခံများ၏ညီညွတ်ရေး ဘယ်မှာလစ်ဟင်းချွတ်ယွင်းနေသလဲ၊ ယခုထက်ပိုမိုစည်းလုံးစေရန်ဘာလုပ်ရမလဲ၊ ဘယ်လိုနည်းလမ်းရှာရမလဲ ၊ စသည့်မေးခွန်းများရှိလျှင်မူဝါဒသဘောတရားများလက်တွေ့ကျင့်သုံးရာ၌ ထိရောက်မှုမရှိသောကြောင့်ဟုဖြေနိုင်၏။ တန်းတူရေးနှင့် အပြန်အလှန်အသိအမှတ်ပြုလေးစားရေး (စိတ်ရောကိုယ်ပါ) မပီပြင်မပေါ်လွင်သောကြောင့်ဖြစ်သည်။

စစ်အာဏာရှင်အုပ်ချုပ်မှု အဆုံးသတ်ရေးဆန္ဒ တူညီကြသော်လည်း အနှစ်သုံးလေးဆယ် တူတွဲ မတူခွဲ လုပ်လာခဲ့ကြသည်မှာ ဘုံရည်မှန်းချက်အတွက် ညှိနှိုင်း၍မရ၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ ဦးစားပေးလာကြသဖြင့် ညီညွတ်ရေးလျော့ရဲရခြင်းဖြစ်သည်ဟု အချို့ကဆို၏။ မတူတာခွဲလုပ်ခြင်းက တူတာတွဲလုပ်ခြင်းထက် အလေးသာသောကြောင့် ဘုံရည်မှန်းချက်ချမှတ်ရခက်ခြင်းဖြစ်ကြောင်း၊ ဘယ်ပုံစံ၊ ဘယ်သူ့ပုံစံကိုအနီးဆုံးနမူနာအဖြစ်ဖော် ပြပြီး ဘယ်ပုံဘယ်နည်း အကောင်အထည်ဖော်ရမည်ဟု မရှင်းလင်းကြကြောင်းလည်း ထောက်ပြသူရှိသည်။

အမှန်မှာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားပြီး တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည့် (တရားမျှတ၊ တန်းတူလွတ်လပ်) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကား အတိုက်အခံအင်အားစုများ၏ဘုံရည်မှန်းချက်ဖြစ်သည်ဟု နားလည်ထား၏။ သို့သော်ကွဲပြားမှုစွမ်းအားစုညီညွတ်ရေးကို အလေးထားသည်ဟု ပါးစပ်ဖျားကတဖွဖွပြောတတ်ကြသလောက်၊ မဟာလူမျိုးကြီးဝါဒနှင့်ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒများအရိုးစွဲ အယူသည်းနေကြဆဲဖြစ်သည်။ ဟောင်းနွမ်းဆွေးမြေ့သော ဤမကောင်းဆိုးဝါး စိတ်ဓါတ်နှင့်အမူအကျင့်များကိုမပျပြင်၊ မပစ်ပယ်၊ မဆေးကြောသုတ်သင်နိုင်ကြသေးပေ။

သာကေအားဖြင့် မျှတတန်းတူလွတ်လပ်သော ဖက်ဒရယ်ပြည်ထောင်စု ရည်မှန်းချက်အကောင်အထည်ဖော်ရန် အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် သက်ဆိုင်ရာပြည်နယ်အလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေအသီးသီးရှိရမည်ဖြစ်၏။ ဤအချက်ကို ဗမာ့ဒီမိုကရေစီအင်အား



၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံ

စုများ မှုအရလက်ခံသဘောတူသည်ဟူသောအဆင့်၌သာမျှောထားဆဲ ဖြစ်ပြီး အခြားပြည်နယ်များနည်းတူ ဗမာပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ဆောင်မည့်သူ မရှိသေးသည်ကိုတွေ့ရ၏။ ထို့အတူ NCUB လို ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစုနှင့် NCGUB လို အဝေးရောက်အမျိုးသားညွန့်ပေါင်းအစိုးရတို့တွင် ကချင်၊ ကရင်နီ၊ သျှမ်းပြည်အင်အားစုများ မပါဝင်ကြခြင်းဖြစ်၏။ အားလုံးအတွက်ရည်

ကိုယ်ကျိုးစွန့် အနစ်နာခံမှုနှင့် ကိုယ်ကျင့်သိက္ခာများခေါင်းပါးခြင်း၊ အခွင့်အလမ်းကြုံဆောင် အချောင်သမားဝါဒ စခန်းထလာခြင်းတို့ကြောင့်လည်းဖြစ်သည်။

အရေးအတွက်ရော အရည်အချင်းပါတပန်းသာသည့် မဟာဝါဒီဉာဉ်ရှိသူ ဗမာများသည်လည်းကောင်း၊ အရေးအတွက်ရော အရည်အချင်းပါ တပန်းရှုံးသော မာနကြီးသူ၊ အထီးကျန်ကြိုက်သူ တောင်ပေါ်တိုင်းရင်းသားများသည်လည်းကောင်း၊ စရိယဓမ္မတရား Ethics ထက် ကိုယ်ကျိုးစီးပွါး Interest ကိုအမှတ်မထင်ရှေ့တန်းတင်လာကြ၏။ ပြည်တွင်းအပစ်ရပ်ခေါင်းဆောင်အချို့ ရွှေငွေကျည်ဆံ ဥစ္စာဓနကျည်ဆံထိ မှန်ဒဏ်ရာအတိ မိန်းမူးပီတိဖြစ်ပြီးအိပ်ဖောင်း၍ စိတ်ပြောင်းနေကြချိန် တွင်ပြင်ပအဖွဲ့အစည်းများကလည်း NGO ကိုးကွယ်ပါ၏ဖြစ်နေရ သည်။ အရေခွံလဲတော်လှန်ရေးသမား၊ လုပ်စားနိုင်ငံရေးသမား၊ NGO အဖွဲ့ဝင်၊ လှုပ်ရှားရေးသမား activists များရောနှောပွမ်းတီးပြီးလုပ်နည်း လုပ်ဟန် ကပြောင်းကပြန် ဖြစ်ကြရသည်။

မျှတတန်းတူရေး၊ အပြန်အလှန်အသိအမှတ်ပြုရေးကိုအလေး ထားကျင့်သုံးခြင်းထက်လည်သူစားတမ်း၊ အခွင့်အလမ်းဖန်တီးဆုပ် ကိုင်၊ ရာထူးကုလားထိုင်လက်မလွှတ်လိုကြ၊ အနီးအတ္တကိုယ်ကျိုးစီးပွါး self

**အနှစ် ၂၀ ကာလများ၊ ကျောင်းသားပြည်သူ ရဟန်းရှင်လူ အပြည့်အဝတာဝန်ကျေ၊ သေကြေဒဏ်ရာရ ဒုက္ခရောက်ကြသည်မှာ အသောင်းအသောင်း။ အပြောင်းအလဲမလုပ်နိုင်တာ (စစ်အာဏာရှင်ကို မဖယ်ရှားနိုင်တာ) တော်လှန်ရေးသမား ၊ နိုင်ငံရေးသမား။ လုပ်စားရိက်စားဖေါ်လံဖါးတွေပေါ၊ အဖိနှိပ်ခံဇာတ်မျှောကြီး ရှည်ကြာ၊ မင်းဆိုးမင်းညစ် ယန္တရားခိုင်မာမြဲမြဲ၊ ဒီဝဲသြဃကမကျော်လွှန်နိုင်လေ၊ စောကြောအဖြေရှာဖို့၊ အတိုက်အခံတို့ အထူးတာဝန်ရှိ**

မှန်း ချက် (Goal) ရှိသော်လည်း ပကတိအခြေအနေနှင့် ကိုက်ညီသော လမ်းကြောင်း (Way) နှင့်လုပ်နည်းလုပ်ဟန် အချင်းအရာအစိတ်အပိုင်း (Means) လုံလောက်မှုမရှိလျှင် ရေတိုရေရှည်ဘုံရည်မှန်းချက်အတွက် မှန်ကန်သော မဟာဗျူဟာ ချမှတ်နိုင်မည်မဟုတ်ပေ။

တိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုများ၏ ညီညွတ်ရေးလျော့ရဲမှုအပေါ် ရန်သူစစ်အုပ်စုက အသုံးချနေသည်ကို သိသိကြီးနှင့်ခိုင်မာစွာမစည်းလုံးနိုင်ကြခြင်းမှာ မိမိတို့၏ချို့ယွင်းအား နည်းချက်ကို မဆန်းစစ် မကုစား မဖါထေးနိုင်သောကြောင့်ဖြစ်၏။ ရန်သူ တစတစအင်အားကြီးမားခိုင်မာလာစေရန်၊ ပိုမိုကြမ်းကြုတ်ရက် စက်လာစေရန်၊ ဥပဒေကြောင်းအရ အသာစီးပြင်ဆင်ခွင့်ရစေရန်၊ ထောက်ကူ ပံ့ပိုးသကဲ့သို့ဖြစ်သည်ဟု အတိုက်အခံခေါင်းဆောင်အချို့ ကဆို၏။ စည်းလုံးမှုလျော့ရဲစေသောအနှောင့်အသွားများအနက် သဘောတရား (အပြော/အရေး) နှင့်လက်တွေ့မကိုက်ညီခြင်း၊



၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး



၈ လေးလုံး ဆန္ဒပြသူများအား စစ်အုပ်စုအကြမ်းဖက်နှိမ်နင်းပုံ

interest အတွက်ဖက်တွယ်လိုမှုသည်လည်း ယနေ့စည်းလုံးမှု၏ အနှောင့်အသွားဖြစ်သည်။

ဤအနှောင့်အသွားများကြောင့် ဗမာဒီမိုကရေစီအင်အားစုများအတွက်ထိခိုက်သည်ဆိုလျှင် တိုင်းရင်းသားအင်အားစုများအတွက် အခွင့်အလမ်းရော အဆင့်အတန်းပါ အရာရာ၌ ပိုမိုဆုံးရှုံးရသည်။

အရင်းရှင်၊ မြေရှင်၊ ဓနရှင်သည် အတ္တဝါဒဖြစ်ပြီး ကွန်မြူနစ်ဆိုရှယ်လစ်ဘုံစနစ်သည်ပရဝါဒဖြစ်သည်ဟု ဆရာ့ဆရာများက သွန်သင်ညွှန်ပြခဲ့ဖူး၏။ အဖိနှိပ်ခံပြည်သူလူထုလွတ်မြောက်ရေး၊ အမျိုးသားနိုင်ငံရေးပြန်လည်ရင်ကြားစေ့ရေး၊ သင့်မြတ်ပေါင်းစည်းရေး၊ တိုင်းပြည်ထူထောင်ရေး၊ စနစ်သစ်အစားထိုးစနစ်ဆိုးဖယ်ရှားရေး–စသည်တို့ကားပရထွန်းကား/အတ္တအကျိုးခံစားရသည့် သမာသမတ်ဝါဒဖြစ်၏။ အချင်းချင်းအပေါ် သဘောထားကျဉ်းမြောင်းငြူစူ၊ ရန်သူနှင့်ကျတော့ စိတ်ရှည်သဘောထားကြီး၊ မဟာမိတ်အပေါ် တင်းမာခက်ထန်၊ ရန်သူနှင့်ကျတော့ ပျော့ပြောင်းပြေငြင်သာ၊ ဤအထာအမူအယာကျင့်ထုံးသည်



ရွှေဝါရောင်တော်လှန်ရေး၌ ဗိုလ်သန်းရွှေစစ်အုပ်စု၏ စစ်သားများ ပစ်သတ်မှုကြောင့်သေဆုံးခဲ့ရသောဂျပန်သတင်းထောက်

ကိုယ်လွတ်ရုန်းအချောင်သမားတို့၏အတ္တဝါဒပြင်းပြမှုစိတ်ထားကြောင့်ဖြစ်၏။

ဤသို့ဖြင့် ကွဲပြားမှု စွမ်းအားစုညီညွတ်ရေး Unity in Diversity ပီပြင်ပေါ်လွင်စွာအထမြောက်စေရန် တုန့်နှေးကြန့်ကြာနေရခြင်းဖြစ်သည်။

အနှစ် ၂၀ ကာလများ၊ ကျောင်းသားပြည်သူ ရဟန်းရှင်လူ အပြည့် အ၀ တာဝန်ကျေ၊ သေကြေဒဏ်ရာရ ဒုက္ခရောက်ကြသည်မှာ အသောင်းအသောင်း။ အပြောင်းအလဲမလုပ်နိုင်တာ (စစ်အာဏာရှင်ကို မဖယ်ရှားနိုင်တာ) တော်လှန်ရေးသမား ၊ နိုင်ငံရေသမား။ လုပ်စားရိုက်စားဖေါ် လံဖါးတွေပေါ၊ အဖိနှိပ်ခံဇာတ်မျှောကြီး ရှည်ကြာ၊ မင်းဆိုးမင်းညစ်ယန္တရားခိုင်မာမြဲမြဲ၊ ဒီဝဲသြဃက မကျော်လွန်နိုင်လေ၊ စောကြော အဖြေရှာဖို့၊ အတိုက်အခံတို့ အထူးတာဝန်ရှိ စေသောအသိ– သတိ။ စည်းလုံးမှု၏အနှောင့်အသွား၊ အမြန်ကုစားဖာထေး၊ ဝိုင်းဝန်းပြုပြင်ပေးကြပါကုန်။

**အရှေ့ရိုးမ– အိုက်တိုင်းယီးဝ့္**

၂၃/၀၉/၂၀၀၈

**ၵေႃႉၶၢဝ်ႇၽူႈတွၼ်ႈႁပ်ႉ (ႁွၼ်းၶေႃ)**

| | |
|---|---|
| ၽူႈပွင်ၵၢၼ် | ၸၢႆးၼိုၼ်းသႅ |
| ၽူႈထတ်းထွင် (လိၵ်ႈတႆး/မၢၼ်ႈ) | ၸၢႆးသိူင်လိူၼ်ႈ |
| ၽူႈသိုဝ်ႉၶၢဝ်ႇ | ၼၢင်းသိူင်ၸိူဝ်ၽႃႉ |
| | ၸၢႆးလိူင်းလူၼ် |
| | ၸၢႆးၽွၼ်းလီ (ၼင်ႉလုမ်း) |
| | တီၼ်းတႆး |
| | ၶျူးသယၢမ် |
| | ဝိရိယ (ပိုၼ်ႉတီႈ) |
| ၽိမ်းလိၵ်ႈ | ၼၢင်းယေႃႈႁွမ်ရိူင်း |
| | ၸၢႆးယီႈၽူင်း |
| ၵႃင်ႈၼိူင်ႈ | ဝႃႈလိင်ႉတ |
| | ၸၢႆးၼုမ်ႉႁွၼ်း |

**သျှမ်းသံတော်ဆင့်သတင်းစဉ် (Shan Herald)**

| | |
|---|---|
| အယ်ဒီတာချုပ် | ဦးခွန်စိုင်း |
| အယ်ဒီတာ (သျှမ်း/ဗမာ) | စိုင်းစိန်ကြည် |
| သတင်းထောက် | နန်းဆယ်နိခယိုဖှာ့ |
| | စိုင်းလျှံလေင် |
| | စိုင်းဖွမ်းလီ (ရှုံး) |
| | တိန်းတိုင်း |
| | ချိုင်းဆယာမ် |
| | ဝိရိယ (ဒေသခံ) |
| စာစီစာရိုက် | နန်းယော့ဟွမ် |
| | စိုင်းယို့ဖုန်း |
| ဒီဇိုင်း | ဝါလိန္ဒ |
| | စိုင်းနွံ့ဂွဏ်း |

# ငဝ်ႈငုၼ်းတပ်ႉသိုၵ်းလိူင်ႈတႆး လွႆတႆးလႅင်း ပိုတ်ႇႁူင်းၽိုၵ်းသွၼ်ၽူႈမီးလၢၼ်ႉၵွၼ်ႇ လုပ်ႈ 3

ဝၼ်းထီႉ **20/09/2008** ယၢမ်း **09:00 –10:30** မူင်း ငဝ်ႈငုၼ်းလွႆတႆးလႅင်း တပ်ႉသိုၵ်း လိူင်ႈတႆး (SSA) လႆႈပိုတ်ႇပၢင်ၽိုၵ်းသွၼ်ၵၢၼ် သိုၵ်း ၽူႈမီးလၢၼ်ႉၵွၼ်ႇ လုပ်ႈ (3) ။

ၽူႈမီးလၢၼ်ႉ သိုၵ်းႁၢၼ် ၶိုၵ်ႉ ႁူၼ်းမိူင်း ၶဝ်ႈႁူမ်ႈ **200** ပႆႇ။

ႁူဝ်ပဝ်ႈလူင် ၸွင်ႇသီႇၶၢဝ်ၸိုၼ်းလိူင်ႈတႆး လဝ်ႈယွတ်ႈသိုၵ်း မွၵ်ႇလၢတ်ႈၶေႃႈႁၢမ်း သပ်း လႅင်းၸဆလုၵ်ႈၵျၼ်း–“ပၢင်သွၼ်ၵျဝ်းလတ်းၵျၼ်း မႃးႁူႈလုပ်ႈဆၼ်ႉ ယူင်းၶၢၼ်းၸူႈၽူႈမီးလၢၼ်ႉၵျဝ်း မီးဆမ်ႉၵတ်ႉတၢင်းၸၼ်ႈ ၼေႃႇၶွၼ်ႁူဝ်၊ ၸူႈတပ်ႉ သိုၵ်းၵၼ်ႈၸိင်မီးၵျင်း ပဵၼ်တပ်ႉသိုၵ်းၶၢၼ်ႁူၼ်း မိူင်းပိုင်ႈၶိင်ၵဵဝ်ယူဝ်ႇလႆႈ၊ ၵၢၼ်လုၵ်ႉၽိုၼ်ႉပူၼ်ႉမႃး **50** ပီ လီလၢႉမီးသင် ၶဝ်ပဵၼ် တွၼ်ႈသွၼ်ၵျဝ်း ႁူ၊” ဝႃႈၼၼ်ႉ။




Photo : Taifreedom.com




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org